Aroma ဝိညာဉ်ရေးသရေစာများ

(၁)

ဦးကာမ် (Lian Kam)

Aroma

ဝိညာဉ်ရေးသရေစာများ

(၁)

ဦးကမ် (Lian Kam)

စာရေးသူ၏ အမှာစကား



ကျွန်တော့်ကို

အဖွါးက Lian Kam ရယ်လို့ အမှတ်အသားပြု

နာမည်လေးမှည့်ပေးခဲ့တာ ၁၉၅၉ ခုနှစ်ကပါ.....

ထာဝရဘုရားက

ချင်းစကားပြောလူစုထဲမှာ လူအဖြစ်ဖန်ဆင်းတဲ့

အာပြဟံအနွယ် မြေကြီးတုံး

သာမန်လူတစ်ယောက် ပါ.....

တစ်ချို့က U Kam (ဦးကမ်) လို့လဲခေါ်တယ်.....

နံရိုးရှင် အမှုတော်ဆောင်တစ်ယောက်နှင့် သားတစ်ယောက်

ဘုရားချီးမြှင့်လို့ သူတို့နှင့် အတူတကွ

USA, Maryland မှာနေထိုင်ပြီး ၁၉၉၇ ခုနှစ်မှာ Calvary Burmese Church,

Washington DC အသင်းတော်ကို

Rev. Maran Yaw မိသားစု၊ မြန်မာမိသားစုတစ်ချို့နှင့်အတူ စတင်လာခဲ့ကာ

ဒီနေ့ထိ ထိုအသင်းတော်မှာ ကျေးဇူးတော်သက်သက်ကို ခံစားပြီး

ကိုယ်တော်အလိုတော်ရှိသလောက်ကို အသုံးတော်ခံနေပါတယ် .....

ကျေးဇူးတော်သက်သက်ဖြင့်

U Kam (ဦးကမ်)

ဆက်သွယ်လိုပါက

Facebook : Lian Kam (U Kam)

Phone : +1 2403545147

Email : ukamaroma@gmail.com

Digitized by the Internet Archive
in 2026 with funding from
Amateur Radio Digital Communications, Grant 1659

https://archive.org/details/aroma-lian-kam

၁။ ဘာသာတရားက ချုပ်ထားတယ်
သမ္မာတရားက လွှတ်ပေးတယ်
ဘာသာတရားထဲ အကျဉ်းမကျနှင့်
သမ္မာတရားထဲ လွှတ်လွှတ်မြောက်မြောက်နေ.....။

၂။ ခရစ်တော်ဆိုတာ
သမိုင်းမှာကျန်ခဲ့ပြီး ..... သမိုင်းကိုသာချန်ခဲ့တဲ့ ဘုရားမဟုတ်ဘူး
မနေ့ ယနေ့ နောင်ကာလ ... မပြောင်းမလဲ
မိမိနှင့် အတူအမြဲရှိနေတဲ့ မောနွေလ ကယ်တင်သောအရှင်ဖြစ်တယ်.....။

၃။ နားဝင်ချို ခွန်အားရတိုင်း
ဘုရားစကား နှုတ်ကပတ်တော်မဟုတ်ဘူး
နားဝင်မချို ခွန်အားမဖြစ်လည်း
ဘုရားစကားဟာ ဘုရားစကားပါဘဲ....။

၄။ ဘုရားသခင်ပေးတဲ့ နေ့ရက်တိုင်းဟာ
ဘာဗေဒင်ဆရာကိုမှ မေးစရာမလိုတဲ့
နေ့ကောင်းရက်သာ
နေ့ရက်တွေပါ
သူငယ်ချင်းလေးရာ ..... ။

၅။ သားရေ .....
ချိုးကျူးတဲ့အသံတွေကြားမှာ အားအင်တွေရှိတတ်သလို
ဝေဖန်သံတွေထဲမှာလဲ အမှန်တရားတွေ ရှိနေတတ်ပါတယ်
ချိုးကျူးသံကို ကြိုဆိုလိုက်ပါ
ဝေဖန်သံကို လက်ခံလိုက်ပါ
အဆင်ပြေသွားမယ် သား ..... ။

၆။ ဘုရားမပေးဘဲ
မိမိအစွမ်းအစနှင့် ဖန်တီးရရှိပိုင်ဆိုင်တာဆိုလို့
" အပြစ် " ဘဲရှိပါတယ်...
လူတိုင်းပါ .....။

၇။ ဘုရားတတ်နိုင်ခြင်းကို
လုံးဝအကြွင်းမဲ့သက်ဝင်ခံယူနိုင်တဲ့အခါ
မိမိတတ်နိုင်တယ်လို့သတ်မှတ်မိသောအရာတွေကို
မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတာဘဲ .....။

၈။ မိမိအထဲ
ခရစ်တော် အိမ်ရှင်ဖြစ်သွားတဲ့အခါ
နာကျင်စရာများ လာခဲ့ရင်တောင်
ခရစ်တော်က ခံစားနာကျင်ပေးသွားပါတယ် .....။

၉။ ပေါလု နှင့် သိလ
ထောင်တံခါးပွင့်ဖို့ ဆုမတောင်းဘူး
ချီးမွမ်းလို့ ထောင်တံခါးပွင့်သွားတာ .....။

၁၀။ ယေရှုနာမအားဖြင့်
သိမ်းပိုက်မယ်ကြီးဘဲမလုပ်နှင့်လေ
ယေရှုနာမအားဖြင့် ပေးဆပ်မယ်လေးဘာလေးလဲ လုပ်ကြအုံးစို့ .....။

၁၁။ ဘုရားစိတ်တော်တွေ့တဲ့သူဆိုတာ....
တရားသဘောနှင့်နေပြီး တရားသဘောဟောတဲ့သူမဟုတ်
ဘုရားသဘောနှင့်နေပြီး ဘုရားသဘောဟောတဲ့သူ .....။

၁၂။ တန်ခိုးရှင်တိုင်း ဘုရားမဟုတ်ဘူး
တန်ခိုးလဲရှိ အသက်ဝိညာဉ်ကိုကယ်တင်တဲ့သူမှ
ဘုရား ..... ထာဝရဘုရား .....။

၁၃။ ယေရှုခရစ်တော် တတ်နိုင်ခြင်းကို
အကြွင်းမဲ့ မယုံကြည်သမျှတော့
မိမိအပေါ် ယေရှုတတ်နိုင်တော်မူခြင်းအကျိုး
လုံးဝ သက်ရောက်မှာမဟုတ်ဘူးနော်.....။

၁၄။ အကြွေးဆို
ဘာအကြွေးမှ မရှိတော့ဘူး
ကရာနီမှာ ယေရှု အပြီးချေခဲ့ပြီးပြီ...
အော်.....တစ်ခုလေးဘဲကျန်တယ်
အမြဲ အမြဲ အမြဲတမ်း ကျေးဇူးတော်ချီးမွမ်းဖို့ အကြွေး.....။

၁၅။ သမီး !
သမီးဘယ်သူ့ကိုကြွေကြွေ
ဘယ်သူ့ကို crush crush ပါ
သမီးရဲ့သတိုးသားအစစ်က.... ယေရှု နော် .....။

၁၆။ ကျေးဇူးတော်ကြောင့်ဆိုရင်
မိမိက ဖြစ်နေတာဘဲ ဖြစ်ရမယ်.
မိမိက လုပ်ဆောင်နေတယ်ခံစားနေသေးရင် အဲဒါ ဇာတိ
ကျေးဇူးတော်အပြင်ဘက်ကိုမိမိကထွက်သွားနေသေးလို့ဘဲ .....။

၁၇။ ခရစ်တော်ကို
ဗဟိုပြုစွန့်လွှတ်တတ်တဲ့သူက
စွန့်လွှတ်ခြင်း... မစွန့်လွှတ်ခြင်းအပေါ်
အာရုံစိုက်ခြင်းကိုပါစွန့်လွှတ်တယ် .....။

၁၈။ ပီတိ .....
ခရစ်ဝင်ကျမ်းများကို....ဝတ္ထုဖတ်သလို သမိုင်းဖတ်သလိုမျိုးမဟုတ်ဘဲ
ဆယ်ကျော်သက်အရွယ်တုံးက အချစ်ဆုံး ချစ်သူပေးတဲ့
ချစ်သူရည်းစားရဲ့စာဖတ်သလိုမျိုး
တမြတ်တနိုး နလုံးယိုဖိတ်မတတ် ဖတ်ရင်
ဝိညာဉ်တော်ဘုရားကဖွင့်ပြပြီး
ကျမ်းစာဟာ နှုတ်ကပတ်တော်ဖြစ်သွားတယ်
စာလုံးတစ်လုံးချင်းက ပြောမပြတတ်တဲ့
အရသာပေါင်းစုံနှင့်ထုံမွှမ်းထားထားသလို
ချိုမြိန်တဲ့အရသာတွေနှင့် ရင်ဘတ်ထဲမှာ.....။

၁၉။ ငါ....ဆိုတာ ရှင်နေသမျှ
လူက သေပြီး
ငါ သေနေမှသာ
လူက ရှင်တာ.....။

၂၀။ ကာယကံမြောက် ကျူးလွန်လဲ အပြစ်
မနောကံမြောက်ရင်လဲ အပြစ်
စိတ်နလုံးကိုချိန်တော်မူတဲ့ဘုရားက
ကောင်းသောသူမရှိ တစ်ယောက်မျှမရှိလို့
ပြောခဲ့တာ အာ့ကြောင့်
ဟူး.......ကျေးဇူးတော်သာ မရှိခဲ့လျှင် .....။

၂၁။ ခါနန်မှာ
ပျားရည်နှင့်နို့သုံးဆောင်ပြီးသူက
အဲဂုတ္တုက အမဲသားမလွမ်းတော့ဘူး.....။

၂၂။ ဖြစ်တယ်
ယေရှုနဲ့ဆို အားလုံးဖြစ်တယ်...
မဖြစ်သေးရင်သာရှိမယ် ဖြစ်တယ် .....။

၂၃။ ယုံကြည်ခြင်း ရှင်သန်နေသ၍
မျှော်လင့်ခြင်းက အသက်ရှင်နေအုံးမှာပါ
ယုံကြည်ခြင်းက အဓိက အခရာပါ
ယေရှုဘုရားက မိမိအပြစ်
ဗီဇအပြစ် / ဒုစရိုက်အပြစ် အတွက်
အသေခံရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ခြင်း
ထို အရှင်ဘုရားကြောင့် မိမိအနာရောဂါကင်းပျောက်သည်ဟု
ယုံကြည်ခြင်း
ထို အရှင်ဘုရားသည် မိမိနေ့စဉ်သက်တာအသက်ရှင်ခြင်းကို
မိမိအတွင်းထဲမှ မောင်းနှင်သည်ကို ယုံကြည်ခြင်း ......
ထိုယုံကြည်ခြင်းမပျောက်သ၍ မိမိအတွက် အနာဂတ်က
ဖြောင့်ဖြူးနေဦးမှာပါ မျှော်လင့်ချက် ရှင်သန်နေဦးမှာပါ .....။

၂၄။ ယေရှုအားဖြင့်သာ ကျွန်တော်တို့ဖြစ်ရတယ်....
ယေရှုအတွက်သာ ကျွန်တော်တို့ဖြစ်ရတယ်....
ယေရှုကြောင့်သာ ...ယေရှုအတွက်သာပါ.....။

၂၅။ ဘုရားသားသမီးများဆိုတာ
မရှိခြင်း မသိခြင်းထဲမှာ
အားငယ် သိမ်ငယ်နေဖို့အကြောင်း
မရှိကိုမရှိတာ.....။

၂၆။ ကောင်းတာလေးတခုတလေရှိရင်
အဲဒါ ယေရှုကြောင့်ပါ...
ကိုယ့်တော့်အားဖြင့် မိမိကဖြစ်နေရတာပါ.....။

၂၇။ မိမိအခြေအနေကောင်းနေမှ
ဘုရားကောင်းမြတ်တာမဟုတ်ဘူး
အခြေအနေမကောင်းရင်လဲ
ရေးသာရေး ပြောသာပြော
ဘယ်သူဘာပြောပြော ဘုရားရှင်ကောင်းမြတ်တဲ့အကြောင်းကို .....။

၂၈။ A သွေး B သွေး
AB သွေး O သွေးတွေ လုပ်မနေစို့နှင့်
' C ' သွေးမပါရင် လူက ဂန့်ပြီ.....
(C = Christ)

၂၉။ ယေရှုခရစ်တော်ကို စားဘူးတဲ့သူမှ
ယေရှုခရစ်တော်ရဲ့အရသာကို သိတာ.....။

၃၀။ ကျေးဇူးတော်ကြောင့်ခွင့်လွှတ်လိုက်နိုင်တဲ့အခါ
မိမိအတွက်ကောင်းကြီးဖြစ်တဲ့အပြင်
သူတစ်ပါးအတွက် မိမိက
ကောင်းကြီးမင်္ဂလာဖြစ်သွားရပါတယ် .....

၃၁။ ကျွန်တော်တို့ဘုရားက
အကျွတ်တရားအတွက်
ကျင့်ခိုင်းတဲ့ဘုရားမဟုတ်ဘူး
အသက်ပေး ကျင့်ပေးတဲ့ဘုရား.....။

၃၂။ မိမိရင်ဆိုင်နေရတဲ့
အခက်အခဲပြဿနာ ဆိုတာ
ယုံကြည်သူတွေ ဝိညာဉ်တော်ကို
ဘယ်အတိုင်းအတာအထိ ကိုးစားသလဲဆိုတာ
စစ်တဲ့ " မှတ်ကျောက် " ပါ
အခြေအနေအားလုံးရဲ့အထက်မှာရှိတာ
ကိုယ်တော်ပါ ....မမေ့မိကြစို့နှင့် .....။

၃၃။ ဂေါလျတ်ထက် ဒါဝိတ်ဘုရား ပိုကြီးတယ်....
ခါနန်လူထွားတွေထက် ယောရှုနဲ့ ကာလက်ရဲ့ဘုရားက ပိုကြီးတယ်....
လေပြင်းမုန်တိုင်းထက် တမန်တော်တို့ရဲ့ " ယေရှု " ပိုကြီးတယ်....
ကျမ်းစကားသက်သေက အနိုင်အမာပါ.....။

၃၄။ ဝိညာဉ်တော်မီးနှင့်
ဇာတိသဘော ဆန္ဒတွေ
လောင်ကျွမ်း ကျွမ်းလောင်မှသာ
ငါက သေ၊ သူ (ယေရှု)က ရှင်....
အင်း.......ငါတကောကောစရာ
ဘယ်မှာရှိတော့မှာလဲနော် .....။

၃၅။ ဘုရားကျောင်းသွားတဲ့အခါ
ရှိတဲ့ / ဖြစ်တဲ့အတိုင်းလေး သွားဖို့ပါ...
အထူးတလည်သန့်ရှင်းပြ
ဖြူစင်ပြပြီးဘုရားဆီလာဖို့ ဘုရားမပြောခဲ့ဘူးပါဘူး.....
မိမိစုတ်ပြတ်သတ်နေရင်တောင် ထိုအတိုင်းလေးသွားဖို့ပါ
ဘုရားမြင်နေပါတယ် ......
ရိုးသားတဲ့နလုံးသားရှင်ရဲ့ အသွားနှင့်အပြန်
ထူးခြားစေမှာကဘုရား
ရှိတဲ့အတိုင်းလေးဘဲ သွားရအောင်ပါ .....။

၃၆။ ပန်းသီးတစ်ကိုက် ကိုက်စားရင်လဲ
ပန်းသီးစားတာဘဲ
အရက်ကလေးတစ်ကျိုက် သောက်ရင်လဲ
အရက်သောက်တာပါဘဲ....
အကြည့်တစ်ချက် ရမက်နှောရင်လဲ
အပြစ်ရောက်တာပါဘဲလေ.....
ဇာတိပကတိ (မွေးရာပါ) အပြစ်မပြောနဲ့ဦး
ဒုစရိုက်အပြစ်နည်းနည်းလွန်ကျူးတာလဲ
အပြစ်ပါဘဲ....
ဒါကြောင့် ယေရှု လိုအပ်တာ
မရှိလို့ကိုမဖြစ် လိုကိုလိုအပ်တာ .....။

၃၇။ အသီးသီးဖို့ဆို
အပင်က ရှင်သန်နေရပါတယ်....
ပင်စည်နှင့်မဆက်တဲ့ အကိုင်းအခက်က အသေပါဘဲ.....
ယေရှုနှင့်မဆက်တဲ့ ခရစ်ယာန်ဆိုတာလည်း
အသေပါဘဲ .....။

၃၈။ အသက်တာကို
ပြောင်းဆန်စေတဲ့ဇစ်မြစ်အစက
အကြည့်တစ်ချက်ပါ.....။

၃၉။ ကျနော် ကောင်းလွန်းလို့
ဘုရားက သဘောကျတာမဟုတ်ဘူး....
ကျနော် မကောင်းနိုင်လွန်းလို့
သခင်ဘုရားကသနားနေတာ .....။

၄၀။ ဟုတ်တယ် ကျေးဇူးတော်သက်သက်ကြောင့်
အဲဂုတ္တုကကျွန်တွေ
ခါနန်မှာ သခင်ဘဝရောက်ရတာ .....။

၄၁။ ယေရှုကိုကြည့်နေသူက
ဘယ်သူ့ကိုမှမမြင်တော့ပါ.....။

၄၂။ လူနှင့်ဘုရား အမြဲကွာတယ်
တူကိုမတူတာ
လူ့စကားနားမထောင်နဲ့
ဘုရားစကားနားထောင်စို့.....။

၄၃။ ကျေးဇူးတော်မချီးမွမ်းနိုင်တော့လောက်အောင် ဖြစ်တဲ့ကြားထဲက
ကျေးဇူးတော် မချီးမွမ်းချင်တော့အောင်ဖြစ်တဲ့ကြားထဲက
ကြိုးစားအားတင်း ချီးမွမ်းကြရအောင်
ခက်ခဲပေမဲ့ ချီးမွမ်းရအောင်ပါ....
တကယ်ပါ ထူးခြားလာလိမ့်မယ်
ချီးမွမ်းကြည့်လိုက်.....။

၄၄။ ထာဝရဘုရားကလူကို
ဖြစ်ကတတ်ဆန်း အဖြစ်သဘော ဖန်ဆင်းခဲ့တာမဟုတ်ဘူး
အပြင်ရုံ့တုံးမပြောနဲ့.
အတွင်းလူကိုတောင်
သူနှင့်သဏ္ဍာန်တူအောင်ကို
တိတိကျကျ ဖန်ဆင်းခဲ့တာ.....။

၄၅။ ဟိုလူ ဒီလူ
အနားမှာတူတူရှိနေခြင်းအတွက်နွေးထွေးပေမဲ့....
ကိုယ်တော် အတူတူရှိနေပေးခြင်းလောက်
လုံခြုံနွေးထွေးပြည့်စုံခြင်းမရှိပါဘူးကိုယ်တော် .....။

၄၆။ မြင်ရတဲ့အပြင်ကောင်းကြီးလုံးပါးပါးတဲ့အခါ
မမြင်ရတဲ့ အတွင်းကောင်းကြီး ဒလဟောစီးဆင်းလာတယ်.....။

၄၇။ မြေကြီးအရာဆိုတာ
ကောင်းကင်အရာနှင့်နှိုင်းရင်
ပိစိကွေးလေးပါ.....။

၄၈။ ဘုရားသားသမီးက
ကျောသား ရင်သားခွဲခြားခြင်းမှာ
မနေတတ်တော့တာ.....။

၄၉။ ဝိညာဉ်ရေးရာနှင့်
တခြားကိစ္စ
လုံးဝ တွဲလို့မရပါ .....။

၅၀။ မောက်မာချင်စိတ်
ရိုးတိုးရွတွ တွန်းထိုးလာတဲ့အခါ
သိမ်မွေ့ခြင်းသို့ဆွဲခေါ်ခေါ်သွားတာ
သန့်ရှင်းသောဝိညာဉ်တော်ပါ.....။

၅၁။ မသန့်ရှင်းသောအရာ
တို့မိမတတ် ထိမိမတတ် ဖြစ်ဖြစ်မိတဲ့အခါ
မတို့ထိဖြစ်မိအောင် လမ်းလွှဲပေးပေးနေတာ
ကျနော် မဟုတ်ဘူး ခင်ဗျားမဟုတ်ဘူး
သူတို့မဟုတ်ဘူး...သန့်ရှင်းသောဝိညာဉ်တော်ဘုရားနော်.....။

၅၂။ မိမိအစွမ်းနှင့်တတ်စွမ်းနိုင်သလိုလို
ဘာ credit မှ မယူမိစေနှင့်
ဝိညာဉ်တော်ဘုရား ငြိုငြင်အောင် .....။

၅၃။ ဝိညာဉ်တော်ဘုရား
မိမိအထဲထဲက
မိမိကိုမောင်းနှင်နေတယ်ဆိုတာ
ယုံကြည်ရုံမကဘူး
သိနေတာ
ခံစားနေတာ
ဘုရားသားက .....။

၅၄။ သတေဖန်
ကျောက်ခဲနှင့်ဘယ်သူပစ်သလဲမကြည့်ဘူး
အထက်ကိုဘဲကြည့်တယ်.....။

၅၅။ ဆီလိုချင်ရင်
အိုးလပ် (empty pot) အိုးတော့
လိုအပ်တယ်.....။

၅၆။ ဘာသာတရား
ဂိုဏ်းဂန
လူမျိုးအကြောင်းပြောဆိုနေရင်
ငြင်းခုန်ရန်ပွါးရပါတယ် .....။

၅၇။ ဆူး
နာကျင်ခံရခက်တဲ့ ဆူးတိုင်း
ဘုရားထည့်ပေးတဲ့ ဆူး မဟုတ်ဘူး.....။

၅၈။ လူတွေက
ကိုယ်နှင့်နှိုင်း မရိုင်း
မိမိဖြစ်တည်သကဲ့သို့ပင်
သူတစ်ပါးကိုမြင်တတ်တာမို့
ဘုရားသားသမီးအမြင်နှင့်
အခြားသားသမီးအမြင်
လုံးဝလုံးဝမတူပါ
ဒါကြောင့်
လူ့အမြင်နှင့်မသွားမိပါစေနှင့်
ဘုရားမိမိကိုဘယ်လိုမြင်သလဲဆိုတာ
နှုတ်ကပတ်တော်နှင့်ချိန်ထိုးတိုက်ကြည့်ပြီး
သွားပါလေ .....။

၅၉။ မိမိဆုတောင်းတာ (တစ်ခုခုတောင်းတာ)
မရတဲ့အခါ
ဘုရားအဖြေမပေးဘူးလို့ မတွေးမိပါနှင့်
ထိုဆုမရရှိခြင်းကိုက
ဘုရားရဲ့ တိကျတဲ့ အဖြေဘဲ .....။

၆၀။ ကျွန်တော်က
အကျွတ်တရားရ ငရဲမှလွှတ်ပြီး
ခင်ဗျားမရဘူးမလွှတ်ဘူးဆိုရင်....
အဲဒါ
ကျွန်တော့်ရဲ့
မေတ္တာမဲ့တာဝန်ပျက်ကွက်မှုကြောင့်ဘဲ.....။

၆၁။ ကျနော်
ခပ်ညံ့ညံ့ဖြစ်နေတာကိုဘဲ
ကျေးဇူးတော်ချီးမွမ်း ဝမ်းမြောက်မိတယ်
တော်နေ တတ်နေ သိနေလို့ရှိရင်
ခုလို ကျေးဇူးတော်ထဲမှာ
ခြေစုံပစ်ဝင်စိတ်ချလက်ချ
နေဖြစ်ချင်မှနေဖြစ်မှာ .....။

၆၂။ လွတ်မြောက်ခြင်းဆိုတာ
အတွင်းက
ထိုးထွက်လာတာ.....။

၆၃။ ကျနော်နှင့် သဘောထားမတိုက်ဆိုင်တာ...
ခင်ဗျားနှင့် သဘောထားမတိုက်ဆိုင်တာ...
သူများနှင့် သဘောထားမတိုက်ဆိုင်တာ
အီလည်လည်တော့ဖြစ်ရပေမဲ့.....
ဘုရားနှင့် သဘောထားမတိုက်ဆိုင်တာလောက်
အခြေအနေက မဆိုးဘူး.....။

၆၄။ လောကနှင့် သဟဇာတဖြစ်ခြင်းဟာ
အမှန်တရားဖြစ်ကောင်းဖြစ်နိုင်ပေမဲ့....
ဘုရားနှင့်သဟဇာတဖြစ်ခြင်းဟာ
သမ္မာတရားဖြစ်ကို ဖြစ်တယ်.....။

၆၅။ ဘုရားသခင်အလုပ်လုပ်ဖို့ဆို
မိမိလက် ကို (တတ်နိုင်တယ်လို့ယူဆထားတဲ့အရာတွေ)
ဖယ်ကိုဖယ်ရှားရပါတယ်.....။

၆၆။ " ဓေသာ "
ပဲဟင်းတစ်ခွက်နဲ့လဲခဲ့တဲ့
" သားဦး " အရာ....
ကျနော်က " ငါ " နဲ့ လဲမိလုမတတ်
ဟူး.......အချိန်မှီရုံ လက်မတင်ကလေး.....။

၆၇။ ကျေးဇူးကြီးလှပါဘိ
ဝိညာဉ်တော်ဘုရား .....
(စာကြွင်း .... ဝိညာဉ်တော်ကို အခွင့်ပေးရင်အားလုံး အချိန်မီတယ် ....
ယုံ ...) .....။

၆၈။ တခါတရံ
ယုံကြည်သူအဝန်းအဝိုင်းမှာ
တွေ့မြင်နေရတတ်တဲ့
"နှိမ့်ချစွာ ဝါကြွားခြင်း" တွေ
လှတော့ လှတယ်ဗျာ
မြင်ရတာ.....။

၆၉။ ဘုရားအသံစွဲလန်းတဲ့သူက
အခြေအနေရဲ့အသံကိုမကြားတော့ဘူး .....
ဝိညာဉ်နားပွင့်သွားတဲ့အခါ
ဇာတိနားပင်းသွားတယ် .....။

၇၀။ ဣသရေလလူမျိုးတော်တွေကို
အဲဂုတ္တုပြည်ရဲ့ အစေ (ကျွန်) ခံသားဘဝကနေ
ခါနန်ပြည်ရဲ့ အမွေခံသားအဖြစ်ပို့ဆောင်တဲ့ဘုရားက
ဒီကနေ့ကျနော်တို့ရဲ့
စိတ်မသာညည်းတွားခြင်း | ဆင်းရဲခြင်း | မကျန်းမာခြင်း |
ဝိညာဉ်ငရဲသို့ဦးတည်ခြင်း...
အစေ (ကျွန်)ခံသားဘဝမှ
လွတ်မြောက်ခြင်းအမွေခံဘဝသို့
ပို့ဆောင်နေလျှက်ရှိနေပါတယ်.....။

၇၁။ အော်....
ခေတ်သစ်ခါနန်
" ယောရှု " နှင့်တော့ မရတော့ဘူး
" ယေရှု " နဲ့သွားရမယ် .....။

၇၂။ သမ္မာတရား နှင့် အမှန်တရား
ထိုနှစ်ခုမှာ
အမှန်တရားကို သမ္မာတရားက
လွှမ်းမိုးအနိုင်ယူသွားတဲ့အခါ
မငြိမ်းချမ်းချင်ခဲ့ရင်တောင်မှ မရဘူး ငြိမ်းချမ်းရတယ်....
မချစ်ခင်ချင်ရင်တောင်မှ မရပါဘူး
တချစ်ချစ်နှင့် မေတ္တာပွါးနေရတယ်....
Agape မေတ္တာ
မိမိကတာဆင့်
ယိုစီးသွားတယ် .....။

၇၃။ သခင်ဘုရားက
လူမျိုးအကြောင်း
ဘာသာအကြောင်း
ဂိုဏ်းဂနအကြောင်း
ဂုဏ်ပကာသနအကြောင်း
မပြောခိုင်းဘူး
ယေရှုကယ်တင်တဲ့သတင်းကောင်းဘဲပြောခိုင်းတယ် .....။

၇၄။ ယေရှုနှင့်အတူ အသေခံ
ရှင်ပြန်ထမြောက်ခြင်းမှတပါး
လူက ဒုစရိုက်အပြစ်မှ
လွှတ်မြောက်သန့်ရှင်းဖြူစင်လို့မရဘူး .....။

၇၅။ ဘုရားသခင်က
မိမိကိုချစ်လွန်းလို့
သားတော်ယေရှုကို
မိမိဆီ စေလွှတ်လိုက်တယ်
ယေရှုက
မိမိကိုချစ်လွန်းလို့
အပြစ်ရဲ့အခ သေခြင်း (ဇာတိအပြစ်+ဒုစရိုက်အပြစ်) ကြောင့်
သေဖို့ကျိန်းသေတဲ့
မိမိကိုယ်စား အသက်ပေးအသေခံရှင်ပြန်ထမြောက်ပေးတယ်.....
အဲဒါကြောင့် မိမိ ထာဝရကောင်းကင်မှာသခင်နှင့်အတူ
ရှင်သန်ကြည်နူးရတော့မယ်....
တိကျသေချာစွာ သိရှိလက်ခံတဲ့အချိန်မှာ
သန့်ရှင်းသောဝိညာဉ်တော်တံဆိပ်
မိမိအထဲ "ဒုန်း " ကနဲခပ်နိပ်သွားတယ်
အဲဒီမှာ
ဝမ်းမြောက်ခြင်းလေပြေဖြူးဖြူးလေးကြောင့်
ရင်ဘတ်ထဲရဲ့ အထဲထဲဝိညာဉ်အတွင်းမှာ
သိမ့်သိမ့်တုန်သွားတယ်
ကျေးဇူးတင်လိုက်တာ Holy Spirit !!!! .....။

၇၆။ ကျေးဇူးတော်ကာလ လွန်မသွားခင်
ကျေးဇူးတော်ကို ခံယူလိုက်ပါ
လွန်သွားခဲ့ရင် လွန်သွားပြီပေါ့
လွန်လွန်သွားပြီ .....

၇၇။ လူက
ငွေဆို သေမလောက်ကြိုက်...
ဘုရားက ဝိညာဉ်ဆို အသေခံပြီးကြိုက်....
ဇာတိလူက လူ့အလိုက်အသေကြိုက်
ဝိညာဉ်လူက ဘုရားအကြိုက်အလိုလိုလိုက်.....။

၇၈။ သန့်ရှင်းသောဝိညာဉ်တော်က
နေ့စဉ်အသက်တာ
လမ်းပြပို့ဆောင်လာသောအခါ
ကာယကံ ဝစီကံ မနောကံပြောက်
အပြစ်တွေဖေါ်ပြပေးမြင်လာတယ်
ထိုထိုသောဒုစရိုက်အပြစ်တွေကြောင့်
အချိန်တိုင်းနေ့ရက်တိုင်း
ယေရှုနှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံရတယ်...
မိမိရှင်ပြန်ထမြောက်တဲ့အခါ ရှင်ပြန်ထမြောက်သော ယေရှုခရစ်တော်
မိမိအထဲမှရှင်ပြန်ထမြောက်ပေးမှုကြောင့်သာဖြစ်သောကြောင့်
နေ့စဉ်အသက်တာမှာ
မိမိကလုပ်နေတယ်လို့ထင်ရသောအရာအားလုံးဟာ
မိမိအထဲမှ ယေရှုခရစ်တော်လုပ်ဆောင်ပေးမှုတွေသာလျှင်ဖြစ်နေတယ်.....
မိမိက လုပ်တတ်သောအရာ မရှိ
လုပ်သောအရာမရှိ သခင်လုပ်ဆောင်ပေးမှုအတိုင်းသာ
" ဖြစ်နေ " ခြင်းသာ
အာမင် .....။

၇၉။ အပေါ် ဘဲကြည့်ကြမယ်.....
ဘုရားသက်သေ
ဘုရားဆီကဘဲ လာပါတယ် .....

၈၀။ သိနေတာ ကြာညောင်းခဲ့ပေမဲ့
သန့်ရှင်းသောဝိညာဉ်တော်ဖေါ်ပြတော့မှ
ဆင်ခြင်မိတာ......
သခင်ယေရှု ပြက်လုံးမထုတ်ခဲ့ဖူးဘူး
လူတွေတအုံးအုံး တဝါးဝါး မရယ်စေခဲ့ဖူးဘူး
အော်....
သမ္မာတရားစစ်က
ဟာသတစ်စက် မနှောဘူး .....
အသက်အတွက် အသက်ထပ်တဲ့အရေးမှာ
ရီမောစရာတစ်ကွက် မပါဘူး .....။

၈၁။ မုန့်တိုင်းကြီးတယ် ဘုရားလို့ပြောတာထက်
ဘုရားကြီးတယ် မုန့်တိုင်းလို့
သင့်ကိုဘုရားကပြောစေချင်တာ.....။

၈၂။ ဘုရားက
လုပ်သွားတာ
ကျနော်တို့က
ရသွားတာ .....။

၈၃။ ပညတ်တရားမှာ မေတ္တာ မပါတာ
ကျေးဇူးတရားမှာက မေတ္တာနှင့်အတိပြီးတယ်.....။

၈၄။ ဒံယေလက ခြင်္သေ့တွင်းထဲက ခြင်္သေ့ကိုမမြင်ဘူး
ဘုရားသခင်ကိုဘဲ မြင်တယ်.....။

၈၅။ ပန်းမရှုးရ ဆိုတဲ့ ဆိုင်းဘုတ်ကလေးရယ်
ဥယျာဉ်မှူး ဆိုတဲ့ လူကြီးရယ်က
ပန်းပွင့်ကလေးတွေကို မကာယ်တင်နိုင်သလို......
ခရစ်ယာန် ဆိုတဲ့ ဆိုင်းဘုတ်ကလေးရယ်
တရားကျင့်စောင့်နိုင်တယ် ဆိုတဲ့လူကြီးရယ်က
ဝိညာဉ်လေးတွေကို မကယ်တင်နိုင်ပါဘူး.....။

၈၆။ ခရစ်တော်က
မင်းအတွက် ငါအသက်ပေးခဲ့တယ် လို့
သင်နှင့်ကျွန်ုပ်ကို မပြောခဲ့ပေမဲ့
သူ တကယ်ကို အသက်ပေးချစ်သွားခဲ့တာနော.....။

၈၇။ ကျေးဇူးတော်ကာလ လွန်မသွားခင်မှာသာ
ကျေးဇူးတော်ခံစားရတာ
အင်း......
နီးတော့ နီးနေပြီ
နီးနေပြီ.....။

၈၈။ သူများကို copy တာထက်
ခင်ဗျားကို copy တာထက်
ကျနော့်ကို copy တာထက်
တခါထဲ ယေရှုထဲမှာနေလိုက်တာ အကောင်းဆုံး.....။

၈၉။ ကျေးဇူးတော် ကာလမှာ
ကျေးဇူးတော် မှတပါး
အခြား ပြောရန်မရှိပါ.....။

၉၀။ တရားသဘောနှင့်လား ?
သဘောတရားနှင့်လား ?
ဘုရားသဘောနှင့်လား ? .....။

၉၁။ ယုံကြည်သူရေ.....
သင် အားငယ်နေတဲ့အခါ
သင့် ဖေးမ အားပေးမှုကို တောင့်တမျှော်လင့်နေတဲ့
လူတွေရှိနေသေးတယ်ဆိုတာ သတိရပါ.....။

၉၂။ မုန်တိုင်းက
ပေတရုထလို့ ငြိမ်မသွားဘူး
ယေရှုထမှ ငြိမ်သွားတာ.....။

၉၃။ အဲဂုတ္တုစိတ်ဓါတ်နှင့်
ခါနန် ဝင်စားလို့မရဘူးမိတ်ဆွေ.....။

၉၄။ ဘုရားသခင် က
လိုအပ်သောအချိန်မှာသာ
လိုအပ်သောခွန်အားကိုပေးတယ်
တင်ကြိုပေးလေ့မရှိဘူး
ပိုမိုလဲမပေးဘူး.....။

၉၅။ ဘုရားနှင့် သင်က Fellowship အနေ အထားလား..
ဘုရားနှင့် သင်က Relationship အနေအထားလား.....။

၉၆။ သိပြီးသား ကြားပြီးသားတွေပါလို့
မိမိစိတ်မှာဖြစ်ရင်
သေချာတယ်
မိမိလိုက်မလျှောက်သေးလို့
ဘုရားက ထပ်သတိပေးတာပဲဖြစ်တယ်.....။

၉၇။ လုံးဝ မဖြစ်နိုင်တော့တဲ့ အခြေအနေမှာ
ဖြစ်စေနိုင်တာက ဘုရားသခင်
ဟိုပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်မဟုတ်ဘူး..
ဘုရား.....။

၉၈။ စာတန်က
အရှုံးသိုင်းကွက်နင်းခိုင်းတိုင်း
ယောင်တောင်ပေါင်တောင် ထထက်ပြီး မနင်းလိုက်နဲ့
" အချင်းစာတန် ငါ့နောက်သို့ဆုတ်လော့ " လေး
ဘာလေးပြန်ပြောတတ်အောင်
နှုတ်ကပတ်တော်ကို စေ့စေ့ဖတ်ရှု ဘုရားနှင့်အတူသွားလာ .....။

၉၉။ ခရစ်ယာန်ဘာသာဝင်ဖြစ်တာလောက်ကို
ဘုရားစိတ်မဝင်စားဘူး....
ခရစ်တော်ကို ရရှိသွားတာကိုဘဲ
ဘုရားစိတ်ဝင်စားတယ်.....။

၁၀၀။ သင့်ကို ဒီလောကမှာ နေရာချထားတာ
လူတွေရဲ့ သတိတရကျန်ရစ်အောင် လုပ်ဖို့မဟုတ်ဖူး....
ထာဝရကာလအတွက်ပြင်ဆင်ဖို့
ဒီလောကမှာ ထားထားတာဖြစ်တယ် .....။

၁၀၁။ သင်္ချာသဖန်း အသီးသီးလေမလား လို့
ခရစ်တော်သွားကြည့်သလို....
သင်နှင့်ကျွန်ုပ် အသီးသီးလေမလား လို့
ခရစ်တော်ကြည့်နေတယ်.....။

၁၀၂။ မှားခဲ့တာတွေ ထားခဲ့လိုက်တော့
လှည့်မကြည့်နဲ့ ဆားတိုင်ဖြစ်သွားမယ်.....။

၁၀၃။ ဘုရားအမှုတော်မှာ ပါဝင်တဲ့အခါ
ဘုရားပါမပါဆိုတာလဲ ဂရုစိုက်အုံး.....

၁၀၄။ ဘုရားကို
ဝိုးတိုးဝါးတား သိလို့မရဘူးနော်.....။

၁၀၅။ ယခု နောက်ဆုံးသောကာလမှာ
ခေတ်နှင့်သွားလာမလား ?
ခရစ်နှင့် သွားလာမလား ? .....။

၁၀၆။ ငါ့ကို ထားခဲ့ရက်တဲ့ နင့်ကို
တမ်းတမ်းတတ မမေ့ရက်နိုင်တဲ့အချိန်.....
သူ့ကို ထားခဲ့ရက်တဲ့ငါ့ကို

အသက်ပေး ချစ်ရက်နိုင်တဲ့ ခရစ်တော်....
ငါ နင့်ကို မေ့လို့ရသွားပြီ ချစ်ခဲ့သူရေ........
(ဂန်ခံချက်.....မန္တလေးမြို့မှ
ယုံကြည်သူသမီးငယ်လေးတစ်ဦးရဲ့သက်သေခံချက်ကိုဆီလျော်အောင်
ဘာသာပြန်ပေးခြင်းဖြစ်သည်။) .....။

၁၀၇။ လောကအတွက်
လူ့အခွင့်အရေးတွေလုပ်ဆောင်ရင်း......
လောကုတ္တရာအတွက်
ဘုရားအခွင့်အရေးများလဲ မမေ့ နဲ့အုံး.....။

၁၀၈။ ကျနော်တို့ကိုးကွယ်တာ.....
ဘာသာတရား မဟုတ်ဘူး
အယူဝါဒ မဟုတ်ဘူး
ဩဝါဒ မဟုတ်ဘူး.....
တစ်ဆူတည်း အသက်ရှင်တော်မူသော
ထာဝရဘုရားသခင်ဖြစ်တယ်.....။

၁၀၉။ ဘာသာတရားက
အသက်တာ ပြုပြင်ပေးနိုင်တယ်....
ကျေးဇူးတရားက
အသက်တာကိုလုံးဝပြောင်းလဲစေနိုင်တယ်.....။

၁၁၀။ ကျမ်းစာတွေအများကြီးတတ်ပြီး
အသက်တာထဲမှာ နှုတ်ကပတ်တော်မရှိရင်
အလကားဘဲ .....။

၁၁၁။ တရားနှင့် မနေပါနှင့်
ဘုရားနှင့်နေပါ မိတ်ဆွေ.......။

၁၁၂။ ခိုးခိုးပြီး ဆိုးကြတဲ့ လူကြီးတွေ
တိုးတိုးလေး လိမ္မာကြတဲ့ လူငယ်တွေ
ဘုရားအမြင်မှာ အတူတူပါပဲ .... ။

၁၁၃။ အကျင့်က
လူတွေရှေ့မှာ ဖြောင့်မတ်စေတယ်.....
ယုံကြည်ခြင်းက
ဘုရားရှေ့မှာဖြောင့်မတ်စေတယ် .....။

၁၁၄။ သင့်ကိုကယ်တင်ခဲ့တာ
တရားမဟုတ်ဖူး
ဘုရားနော် .....။

၁၁၅။ ပေးကမ်းခြင်းမှာ
အကြီးမားဆုံး ပေးကမ်းခြင်းက
ခွင့်လွှတ်ခြင်းပါ.....။

၁၁၆။ ခရစ်ယာန်တိုင်း
ဘုရားသားမဟုတ်ဘူး.....။

၁၁၇။ မိမိဝန်းကျင် နေချင့်စဖွယ်ကောင်းသောကြောင့်
ဘုရားရှင်ရှိလာသည်မဟုတ်..
ဘုရားရှင်ရှိသောကြောင့်
မိမိဝန်းကျင် နေချင့်စဖွယ်ကောင်းလာခြင်းဖြစ်သည်.....။

၁၁၈။ ဘုရားနှင့်
အတူသွားလာသူက
ဘာမှ အထွေအထူး အားစိုက်ရတယ်ရယ်လို့ ကိုမရှိဘူး
ဖြစ်နေတာ ... ဖြစ်နေတာ .....။

၁၁၉။ အင်အားနှင့်သွားတဲ့ ဂေါလျတ်ကြီး
ဒါဝိဒ်လေးကို
ဒူးထောက်ခဲ့တာ
သာဓကပါ .....။

၁၂၀။ ဘုရားအမှုတော်ဆောင်ရန်
နေရာ (Position) လိုအပ်ကောင်း လိုအပ်မည်ဖြစ်သော်လည်း.....
ဘုရားအလိုတော်ဆောင်ရန်
နေရာ (Position) လုံးဝ (လုံးဝ) မလိုအပ်ပါ.....။

၁၂၁။ ဘုရားစကားဆိုတာ
နားမလည်ခဲ့ရင်တောင် နားထောင်ရမယ်.....။

၁၂၂။ ခရစ်ယာန်တိုင်းမှာ
ခရစ်တော်မရှိပါဘူး.....

၁၂၃။ အသင်းတော် တိုးပွါးဖို့ လုပ်ဆောင်ကြရင်းနဲ့
ခရစ်တော် တိုးပွါးဖို့ကို
မေ့မေ့သွားကြတယ်.....။

၁၂၄။ ကျွန်ုပ်တို့ ပါးပါးလေးလုပ်ခဲ့သမျှ
ဘုရားက
ထုထုကြီးကို မြင်နေတာနော်.....။

၁၂၅။ အသင်းတော်က
အသင်းသားတစ်ဦး ကွယ်လွန်သွားတဲ့အခါ
သင်္ချိုင်းအထိဘဲလိုက်ပို့နိုင်တယ်......
ခရစ်တော်က
ယုံကြည်သူတစ်ဦး ကွယ်လွန်သွားတဲ့အခါ
ကောင်းကင် အရောက် လိုက်ပို့ပေးတယ်မိတ်ဆွေ.....။

၁၂၆။ ကျွန်ုပ်တို့ဂုဏ်ပြုကိုးကွယ်ကြတဲ့အခါ
ဘုရားသခင်က ကျွန်ုပ်တို့ရဲ့ စကားလုံးတွေ
အပြုအမူတွေကိုကျော်လွန်ပြီး
နလုံးသားထဲက သဘောထားများကို ကြည့်ရှုနေတာဖြစ်တယ်.....

၁၂၇။ သူတစ်ပါးကို
မကောင်းတဲ့ပုံသက်သေပြခြင်း
ကောင်းတဲ့ပုံသက်သေပြခြင်းထက်
ခရစ်တော်ရဲ့ပုံသက်သေပြသခြင်းဟာ
အကောင်းဆုံးပါဘဲ.....။

၁၂၈။ အသင်းတော်ဆိုတာ
အဆောက်အအုံမဟုတ်ဘူး
ခန္ဓာကိုယ်ဖြစ်တယ်.....။

၁၂၉။ ဘုရားကျောင်းအလုပ်နှင့်မကျေနပ်နှင့်
ဘုရား (ခိုင်းတဲ့) အလုပ်မှာပျော်မွေ့ .....။

၁၃၀။ ဇာတိလူက
ကျမ်းစာသိတယ်....
ဝိညာဉ်လူက
နှုတ်ကပတ်တော်ရှိတယ် .....။

၁၃၁။ ဘုရားဘီသိက်မပါရင်
ဘာလုပ်လုပ်
တစ်စုံတစ်ခုတော့ ချွတ်ချော်တိမ်းစောင်းတာဘဲ.....။

၁၃၂။ လူ့ရဲ့နိမ့်ချခြင်းဆိုတာ
အခြေအနေတစ်ခုမှာ ရပ်တန့်သွားတယ်...
သခင့်နိမ့်ချခြင်းဆိုတာက
အခြေအနေနှင့်မဆိုင်.....
အော် ...... ထာဝရကာလတိုင်.....။

၁၃၃။ လက်ဝါးကပ်တိုင်ရဲ့ဒီဘက်မှာ
" ငါ " က နေရာတိုင်းမှာ ...
လက်ဝါးကပ်တိုင်ကိုဖြတ်သန်းပြီးဟိုးဘက်ရောက်တဲ့အခါ
" ခရစ်တော် "က နေရာတိုင်း အရာရာတိုင်းမှာ .....။

၁၃၄။ သင်ဖြစ်စေချင်သလို လူတွေမဖြစ်တဲ့အခါ
ဘုရားဖြစ်စေချင်သလိုမိမိဖြစ်ပါရဲ့လားဆိုတာ
ဆန်းစစ်ဆင်ခြင်ဖြေဆည်လိုက်ပါ.....။

၁၃၅။ ဘာမှမရှိတဲ့အရပ်/ဘဝမှာ
ဘုရားသခင်နှင့်အတူရှိနေခြင်းဟာ
လိုလေသေးမရှိတဲ့ အကြွယ်ဝဆုံးဘဝကို
ပိုင်ဆိုင်ရယူသွားခြင်းဘဲ.....။

၁၃၆။ တဲတော်ရဲ့ အတွင်းဘက်ဆုံးအရပ်မှာ
လူမရှိတော့ဘူး
ဘုရားဘဲရှိတယ်...
အဲဒီအရောက် သွားရောက်ကိုးကွယ်ရမယ်.....။

၁၃၇။ လူ့အမြင်မှာ busy နေရင်
လူပေးတဲ့ credit သေချာရမယ်..
" တော်တော်အလုပ်လုပ်တယ်ပေါ့ "
ဘုရားအမြင်မှာ busy နေရင်
ဘုရားပေးတဲ့ credit ရမယ်...
" သာဓုသစ္စာရှိသောငယ်သားကောင်း ".....။

၁၃၈။ လောကမှာ ....
မိမိနံမည် .. လုပ်ဆောင်ချက်
ကျန်ခဲ့ဖို့ ချန်ခဲ့ဖို့ .... အာရုံစိုက်နေရင်
သေချာတယ်
သခင်ဘုရားနေ့ရက်ကျ မိမိကိုယ်တိုင်ကျန်ခဲ့မှာ .....။

၁၃၉။ အမေတိုက်တဲ့ ဆေးခါးကြီးက
သား ခန္ဓာ ကျန်းမာဖို့ပါ ......
ဘုရားတိုက်တဲ့ ဆေးခါးကြီးက
သား ဝိညာဉ်ချမ်းသာဖို့ပါ.....
မိမိဆန္ဒငြင်းဆန် သောက်ရမှာပါဘဲ ဆေး ၂ မျိုးစလုံးကို.....။

၁၄၀။ ခြေထောက်နှင့်သွားရင် ခရီးဖင့်တယ်
ဒူးနှင့်သွားလိုက်
ခရီးတွင်တယ် ယုံကြည်သူရေ့ .....။

၁၄၁။ ဂေါလျှတ်ကြီး" ကို
" ဒါဝိတ်ကလေး " အထူးကောင်းကြီးခံစားရဖို့
ဘုရားက
လူဖြစ်စေခဲ့တာ .....။

၁၄၂။ နာမ်ဝိညာဉ်ဘုရားကို ကိုးကွယ်တဲ့အခါ
ဝိညာဉ်နှင့်ဘဲ ကိုးကွယ်ရပါတယ်....
အသက်ရှင်သောဘုရားမို့
ကိုးကွယ်ခြင်းအမှုပြုသူက
အသက်ရှင်မှ ကိုးကွယ်လို့ရတာပါ.....
ဒါကြောင့် ကိုးကွယ်ခြင်းအမှုပြုတဲ့အခါ
ဝိညာဉ်နှင့်အတူ စိတ်ပါလာတယ်
ခန္ဓာပါလာရပါတယ်......
ခန္ဓာက ဒူးထောက်ရပါတယ်
စိတ်က နူးညွတ်နှိမ့်ချရပါတယ်
ဝိညာဉ်က ဘုရားနှင့်ဆက်သွယ်ပါတယ်......
မြေကြီးအသက်ရှိနေသ၍
ခန္ဓာ (ကိုယ်) စွမ်းသမျှ
စိတ် (ဉာဏ်) စွမ်းသမျှ (သစ္စာ)နှင့်အတူ
နံဝိညာဉ်က နံဝိညာဉ်ဘုရားကို
ကိုးကွယ်ပါတယ် ... ဆက်သွယ်ပါတယ်....
ဒါကြောင့်........
ဝိညာဉ်နှင့်အတူ သစ္စာနှင့်ကိုးကွယ်ရတာပါ.....။

၁၄၃။ ကျေးဇူးတော် (ယေရှု)ကို
ယုံကြည်ခြင်းသောအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရ၏.....။

၁၄၄။ ဘုရားသခင့်ကြီးမြတ်ခြင်းထဲမှာ
ကျနော့်သေးနုတ်ခြင်းတွေ
အရည်ပျော်ဝင်သွားတဲ့အခါ
ကျနော် ပျောက်ကွယ်သွားတယ် ....

၁၄၅။ လူက
ချစ်စရာမကောင်းတော့ရင်
မချစ်တော့တာ....
ဘုရားက
ချစ်စရာမကောင်းရင်းနှင့်ကို
ချစ်ကိုချစ်နေတော့တာ......။

၁၄၆။ တရားဟောပလ္လင်ဆိုတာ
ဘုရားဟောစေချင်တာတွေကို
ဇာတိဇောကင်းစွာ
ပြောဟောတဲ့နေရာ.....။

၁၄၇။ ကျနော့်မြင်ကွင်းအားလုံး
ယေရှုနဲ့ပြည့်နှက်နေဖို့ပါ....
မပြည့်တဲ့အခါ
မမြင်သင့်တာတွေ
မြင်မြင်မိတယ်.....။

၁၄၈။ ယေရှုကလွဲရင်
ကိုယ်က ချစ်ရတာကြီးဘဲ....
ယေရှုကတော့
ကိုယ်ကချစ်နေတာတောင်
သူ့အချစ်က အမြဲပိုတယ်.....။

၁၄၉။ နံနက် အာရုဏ်ဦး
အိပ်ယာထက်မှ
မျက်စိနှစ်လုံးဖွင့်ခွင့်
ကိုယ်တော်ပေးလိုက်တာနှင့်တပြိုင်နက်
ကိုယ်တော်မနှစ်သက်သောအရာများ
တွေးဖြစ်မိပြီးဖြစ်သွားပါတယ်ကိုယ်တော်
ကျွန်တော့်အတွင်းထဲမှ
ကိုယ်တော့်စိတ်ကြိုက်သာ
ကျွန်တော့ကို မောင်းနှင်ပါကိုယ်တော်
ကျွန်တော့်ဘာသာဆို
မှားပြီးရင်းမှား
လွဲပြီးရင်းလွဲနေအုံးမှာ .....။

၁၅၀။ နှုတ်ကပတ်တော်ဆိုတာ
ပိုင်ရှင်ရှိတယ်.....
ပိုင်ရှင်ဖွင့်ပြ မရှင်းလင်းရင်
မိမိနားလည်ချင်သလိုဘဲ နားလည်မယ် .....။

၁၅၁။ ဝိညာဉ်တော်ဘုရားသာ
ကျနော့်အတွင်းဆုံးပိုင်း ဝိညာဉ်ကနေ
လုပ်ဆောင်မပေးခဲ့လျှင်
မြေမှုန့်တုံးကြီးကျနော်
ဘုရားအလိုကျ ဘာများလုပ်တတ်ခဲ့လို့လဲ ....??

၁၅၂။ သူတစ်ပါး " ထင်မြင် " ထားသလိုမဟုတ်ပါဘူး
သခင်ဘုရား " မြင်ဆင် " ထားသလိုသာဖြစ်ရတာပါ
သင့် အသက်တာကလေ .....။

၁၅၃။ ဘာမှမရှိတဲ့အရပ်/ဘဝမှာ
ဘုရားသခင်နှင့်အတူရှိနေခြင်းဟာ
လိုလေသေးမရှိတဲ့ အကြွယ်ဝဆုံးဘဝကို
ပိုင်ဆိုင်ရယူသွားခြင်းဘဲ.....။

၁၅၄။ ဘုရားစကားဖြင့်သာအသက်ဆက်ပြီး
အသွေးအသားစကားကိုပြောလေ့မရှိသူက
ဘုရားလူ.....။

၁၅၅။ တရားသဘောနှင့်နေတာကောင်းတယ်
ကျင့်နိုင်ရင်ပေါ့.. မကျင့်နိုင်ရင် ကျောချမ်းတယ်....
ဘုရားသဘောနှင့်နေတာအကောင်းဆုံး
ကျင့်ဆောင်ပေးတယ် သခင်ဘုရားက စိတ်ချလုံခြုံတယ်..
Peace of Mind !!!. .....။

၁၅၆။ ဘုရားက
မိမိတောင်းနိုင်သလောက်အထိဘဲ ပေးတဲ့ဘုရားမဟုတ်ဘူး
မိမိလိုအပ်နေသလောက်အထိတောင် ပေးတဲ့ ဘုရားနော်.....။

၁၅၇။ ဘာသာတရားက
လူတွေမကောင်းနိုင်မှန်း သိသိကြီးနှင့်
ကောင်းအောင် ကျင့်ဆောင်ခိုင်းတယ်.....
ကျေးဇူးတရားက
လူတွေမကောင်းနိုင်မှန်း သိရှိပြီးမို့
အသေခံ ကျင့်ဆောင်ပေးတယ် .....။

၁၅၈။ လူတယောက်ကောင်းမွန်ရန် ဆုံးမသွန်သင်ခြင်းဟာ
အလွန်ကောင်းတယ်
အတိုင်းအတာတခုထိကောင်းမွန်သွားနိုင်ပါတယ်.......
လူတယောက်ပြောင်းလဲရန် ယေရှုနဲ့မိတ်ဆက်ပေးခြင်းဟာ
အကောင်းဆုံးဖြစ်တယ်
သူ့အသက်တာတခုလုံးပြောင်းလဲသွားမယ်.....(ဇာတိ/ဝိညာဉ်)။

၁၅၉။ သိနတောင်ပေါ်က တရားတွေကို
ကရာနီတောင်ပေါ်မှာဘုရားက
တခုမကျန်ဖြေရှင်းပေးခဲ့တာ
နှစ်ပေါင်း၂၀၀၀ တောင်ကျော်ပြီပေါ့ ...
အင်း ...
ကိုယ်တိုင်များကြိုးစားကျင့်ကြံဖြေရှင်းဖို့ ကြံစည်နေဆဲလား .....။

၁၆၀။ Law ဆိုမှတော့
လိုက်ကိုလိုက်လျှောက်ရတော့မယ် အဆုံးတိုင်...
Grace ဆိုမှတော့
ကိုးကိုကိုးစားရတော့မယ် ထာဝရကာလတိုင် ....
သိထားဖို့ရှိတာက Grace period မှာ Law တစ်ခုဘဲရှိတယ်
အဲဒါ Love ဘဲ .....။

၁၆၁။ ပျော်ရွှင်နေလဲ ချီးမွမ်းမယ်
နာကျင်နေရင်လဲ ချီးမွမ်းနေမယ်
အဆုံးစွန်နာကျင်ခြင်းနဲ့ ရွေးနှုတ်ကယ်တင်ခဲ့တဲ့
သခင့်ကို .....။

၁၆၂။ ဘုရားကျောင်း ပုံမှန်တက်တာ ကောင်းတယ်
ဒါပေမဲ့
မိမိကိုယ်တိုင် ဘုရားရှင်ကိန်းအောင်းတဲ့ဗိမ္မာန်တော်မဖြစ်သရွေ့တော့
မဟုတ်သေးဘူး သူငယ်ချင်း.....။

၁၆၃။ ယေရှုသာရလိုက်
ပွဲပြီးသွားပြီ
သူက All in One လေ .....။

၁၆၄။ နာကျင်နေတတ်တာတွေက ဇာတိ သဘော....
ကြင်နာနေတတ်တာတွေက ဝိညာဉ် သဘော....
မြင်နိုင်တဲ့အရာတွေက အနတ္တ....
မမြင်သာတဲ့အရာတွေက ထာဝရ .....။

၁၆၅။ လူသားအဖြစ် ပထမမွေးဖွါးခြင်းက
မိခင်၏ပေးဆပ်မှုကြောင့်ဖြစ်ပြီး....
ဘုရားသားအဖြစ် ဒုတိယမွေးဖွါးခြင်းက
ယေရှု၏ ပေးဆပ်မှုသက်သက်ကြောင့်ဖြစ်သည် .....။

၁၆၆။ ကျနော်တို့တတွေ
ဘုရားခိုင်းတာလုပ်သလား ?
လူခိုင်းတဲ့အလုပ် လုပ်သလား ?
သဲကွဲသေချာဖို့တော့ လိုအပ်တယ် .....။

၁၆၇။ ပညတ်တရားသက်တမ်းက
မြေကြီးခန္ဓာသေရင် ဆုံးပြီ.....
ကျေးဇူးတရားသက်တမ်းက
ကမ္ဘာဦးကစ ထာဝရကာလတိုင် မဆုံးဘူး ချစ်သူ.....။

၁၆၈။ မဝေးရက်နိုင်လို့
အနီးနီးမှာ (အတွင်းထဲမှာ)
နေနေပေးတာ
ကျေးဇူးတင်လို့မတတ်တော့လောက်အောင်ကို
ကျေးဇူးတင်လိုက်တာ
ချစ်သူ (ဓမာန္ဒေလ) ရေ .....။

၁၆၉။ သိုးထိန်းစကားသံ
သူ့သိုးတွေဘဲ
နားလည်တယ်.....။

၁၇၀။ ကောင်းကြီးမင်္ဂလာလောက်ကတော့
ပါးပါးလေးပါ
မိမိက ကောင်းကြီးရှင်ကိုပိုင်ဆိုင်ပြီးမှတော့.....။

၁၇၁။ လှိုင်းတံပိုးတွေ လေမုန်တိုင်းတွေ
မိမိမြင်မြင်နေတာ
လှေဦးခန်းက ယေရှုကို မကြည့်မိလို့ပါ .....။

၁၇၂။ မိမိ အချိန်ပေးတဲ့အရာနှင့်
မိမိ အတူရှိနေတာပါ....
ဘုရားလား ? ချစ်သူလား ? ငွေလား ?? .....။

၁၇၃။ ဘုရား မျက်နှာသာပေးခြင်းခံစားသူဟာ
လူတွေ မျက်နှာသာပေးခြင်း/ မပေးခြင်းလောက်နှင့်
ရင်မခုန်တော့ဘူး .... မကြေကွဲတော့ဘူး .....

၁၇၄။ မကယ်တင်နိုင်တဲ့
ဘာသာတရား ဂိုဏ်းဂနအကြောင်း
ပြောဆိုဆွေးနွေးအချိန်ကုန်မည့်အစား
ကယ်တင်နေတဲ့ယေရှုအကြောင်း
ပြောကြစို့လားဗျ.....။

၁၇၅။ ဘုရားသခင်က
မျက်နှာမလိုက်ဘူး
နှလုံးတော့လိုက်တယ် ... သူငယ်ချင်း .....

၁၇၆။ ကိုယ် အကျင့်ကောင်းလို့မဟုတ်ဘူး
ကိုယ် ချစ်စရာကောင်းလို့မဟုတ်ဘူး
ကိုယ် ဆုတောင်းနိုင်လွန်းလို့မဟုတ်ဘူး
ကိုယ် ဘုရားကျောင်းတက်နိုင်လွန်းလို့မဟုတ်ဘူး
ကိုယ် အလှူငွေထည့်နိုင်လွန်းလို့မဟုတ်ဘူး...
ကသိုလ်တစ်ပဲငရဲတစ်ပိဿာပါ
ကောင်းတာလေးလုပ်နိုင်တာကမရှိပါ....
မနောကံကျူးလွန်တာနဲ့တင်...ကံငါးပါးမလုံဘူး။
ကျေးဇူးတော် (ယေရှုဘုရား) မရှိခဲ့ရင်...
ကျနော်...အခုသေလဲငရဲ
မနက်ဖြန် သေလဲငရဲပဲ...
ဘယ်တော့သေသေပါ...။
ငရဲ.. ငရဲ...
ကျေးဇူးတော်ကြောင့်သာ
ကျနော်သေသော်
ငရဲမလား
ကောင်းကင်ဘုံနန်း ထာဝရစံမြန်းရမှာ
ကျေးဇူးတော်ကြောင့်သက်သက်သာ .....။

၁၇၇။ ငြိမ်သက်ခြင်းကိုတောင်းရင်
ကြာသေးတယ်
ငြိမ်သက်ခြင်းအရှင်ကိုခေါ် ဖိတ်လိုက်.....။

၁၇၈။ အပြစ်တွေကို လုံးဝ မချစ်နိုင်သလို
အပြစ်သားတွေကို လုံးဝ မမုန်းနိုင်တဲ့ ဘုရား
တစ်ဆူတည်းသော ထာဝရဘုရား .....။

၁၇၉။ သူတစ်ပါးကို " လူဆိုး" လို့မမြင်
မိမိကိုယ်ကို " သူတော်ကောင်း" လို့မထင်
သခင်ဘုရားနှင့်အတူ သွားလာစားသောက်လေ့ရှိသူက
" ဘုရားလူ "…….။

၁၈၀။ ဘုရားအတွက်ဆို
ကိုယ့်ကိုကိုယ် ဘောင်မခတ်ပါနှင့်
သိုးကျောင်းသားများ တံငါသည်များကို
ဘိသိက်အသုံးပြုတဲ့ဘုရားကို
သင်ကိုးကွယ်နေတယ်ဆိုတာ သတိသာရနေပါ
ကျန်တာ ဘုရားလုပ်ဆောင်သွားလိမ့်မယ် …..။

၁၈၁။ ကျနော့်ဆိုလိုရင်း (point) ကို နားဝင်အောင်ပြောပြဖို့ထက်
ယေရှုလာရခြင်း (point) ကို နားလည်အောင်ပြောပြပါမှ
ဝိညာဉ်တော်မစခြင်းသက်သက်ဖြင့်
လူတွေ ကြားနာခြင်းမှသည် ယုံကြည်လက်ခံပြီး လွတ်မှာ ကျွတ်မှာ …..။

၁၈၂။ လူ့စံချိန်စံညွှန်းနဲ့ကြည့်ရင်
ကောင်းတယ် သန့်ရှင်းတယ်လို့ ထင်ရတဲ့သူတစ်ချို့ရှိတတ်တယ်…
ဘုရားစံချိန်စံညွှန်းအရတော့
ကောင်းသောသူမရှိ တစ်ယောက်မျှမရှိဘူး ဘဲ…(ကျမ်းစကားအရ)

၁၈၃။ ရိုးရိုးလေးနှင့် သိပြီးသား မေ့မေ့ပြီး ရောသွားတာလေးတစ်ခု…
အပြစ်လုပ်လို့ အပြစ်သားဖြစ်သွားတာမဟုတ်ဘူး
အပြစ်သားမို့လို့ အပြစ်လုပ်မိသွားတာပါ…..
ဒါကြောင့် ယေရှု လိုကိုလိုအပ်ရတာ .. အပါယ်ငရဲမလားဖို့ နှင့်
အသက်တာအတွက်…..။

၁၈၄။ ဆရာတွေနှင့်
အတူသွားလာစားသောက်တာလဲ သွားလာစားသောက်ကြတာပေါ့
ဒါပေမဲ့
ခရစ်တော်နှင့်အတူသွားလာစားသောက်ဖို့ မေ့လောက်တဲ့ထိတော့
မလွန်ကျူးကြစို့နှင့်ပေါ့ .....

၁၈၅။ ဘုရားအလိုတော်ဆောင်တယ်ဆိုမှတော့
လူ့အလိုအတိုင်း ဘယ်ဖြစ်ပါ့မလဲ
ဘုရားအလိုတော်အတိုင်းဘဲ ဖြစ်ရမပေါ့...

၁၈၆။ ကျနော့် အတိတ်ကို ဘုရားသခင် စိတ်မဝင်စားပါဘူး
ကျနော့် အနာဂတ်ကိုစိတ်ဝင်စား ရင်ခုန်နေတာပါ
ဒါကြောင့်မို့
ကျနော့် ပစ္စုပ္ပန်မှာ တစ်ဖက်သတ်မေတ္တာနှင့်ချစ်နေတာ.......။

၁၈၇။ စာတန်က.....
ကိုယ်ကျင့်တရားကောင်းမွန်သူ
အမှုတော်မြတ်တွင်ကြိုးစားပါဝင်သူ
ကျမ်းစာတတ်ကျွမ်းသူများထက်
နှုတ်ကပတ်တော်ရှိသောသူများကိုသာ
ကြောက်ပါသည် .....။

၁၈၈။ " ဇာတိမျက်စိ " ပိတ်မှ
" ဝိညာဉ်မျက်စိ " ပွင့်တာ.....

၁၈၉။ အများသဘောတိုင်းက ဘုရားသဘောမဟုတ်ဘူး .....
နောကြီး အများသဘောနဲ့သွားခဲ့ရင်
ဒီနေ့ ကမ္ဘာမှာ သက်ရှိသတ္တဝါ တကောင်မှ ရှိမှာမဟုတ်ဘူး......။

၁၉၀။ ပြဿနာအခက်အခဲ ရန်သူများကိုရင်ဆိုင်တဲ့အခါ...
ဟာလာဘုရားလူ ၄၅၀ - ထာဝရဘုရားလူ ဧလိယတစ်ယောက်ထဲ
ဟို ၄၅၀ မရှုမလှရှုံးနိမ့်သွားတာ ပုံပြင်မဟုတ်ဘူး
မိမိက ထာဝရဘုရားလူဖြစ်နေဖို့သာ........။

၁၉၁။ လူတွေကပြောတယ်
" ယုံလဲယုံ ခုန်လဲခုန် " ရမယ်တဲ့ ...
ကျွန်တော်ကကိုယ်တော်မပါရင်
ခုန်ဖို့မပြောနဲ့ ခြေတစ်လှမ်းတောင် မရွေ့တတ်ဘူး
ကိုယ်တော် .....။

၁၉၂။ ယေရှုက
ပျောက်သောသိုးတစ်ကောင်ကို
ကျန် ၉၉ကောင်ကဲ့သို့တန်ဘိုးထားပေမဲ့
လူကတော့ ပျောက်တာတစ်ကောင် ၉၉ တောင်ကျန်သေးတယ်လို့
သဘောပိုက် ခရီးဆက်ချင်လေ့ရှိတယ် .....။

၁၉၃။ ကျမ်းစာ (နှုတ်ကပတ်တော်) ဖတ်တဲ့အခါ
ဂိုဏ်းဂနစာဖတ်မျက်မှန် ဘာသာရေးစာဖတ်မျက်မှန်
လူမျိုးရေး စာဖတ်မျက်မှန်တွေတော့
ချွတ်ကိုချွတ်ထားခဲ့ပါမှ ....ဖြစ်မှာလေ......။

၁၉၄။ ကြိုးစားကျင့်ဆောင်သွားတာက
ဇာတိ.....
ကိုးစားကျင့်ဆောင်ဖြစ်နေတာက
ဝိညာဉ် .....။

၁၉၅။ လူက
ရုပ်ချော ခန့်ညားကြံ့ခိုင်တဲ့ " ရောလု " ကိုရွေးတယ်…
ဘုရားက
သိုးကျောင်းသားကလေး " ဒါဝိဒ် " ကိုဘိသိက်ရွေးချယ်တယ်…
အဖြေက
" ရောလု " အထောင်ထောင်
" ဒါဝိဒ် " အသောင်းသောင်း …. အဲ့လို…ကွာတာ …..။

၁၉၆။ ဘုရားသခင်ကောင်းမြတ်တယ်ဆိုတာ
ဖတ်စာအုပ်ထဲမှာမရှိဘူး
တကယ်ကိုလက်တွေ့ကိုယ်တွေ့ကောင်းမြတ်တာ…..။

၁၉၇။ အောင်မြင်ခြင်းသို့
မွေးဖွါးခြင်းခံရသောသူတို့ကို
ဘုရားသားသမီးများဟုခေါ်ပါသည် …..။

၁၉၈။ လူတွေ
အားမပေးရင် နေ
ဘုရားနှင့်အတူသွားလာစားသောက်
အားရှိနေတတ်သူက
ဘုရားလူ ….. ။

၁၉၉။ ခရစ်တော်ရဲ့အမှုတော်
အဖဘုရားရဲ့အလိုတော်
ဝိညာဉ်တော်က မိမိအတွင်းထဲကမောင်းနှင်ဆောင်ရွက်သောအခါ
လူတွေက ငြင်းပယ်လျှင် ဆန့်ကျင်လျှင် မထီမဲ့မြင်ပြုလျှင်
ဘုရားဘုန်းတော်ထင်ရှားဖို့စတင်နေပြီဆိုတာ
သိမှတ်ပါလေ…..။

၂၀၀။ နာကျင်ခံခက်နေမှ မဟုတ်ပါဘူး
ပျော်ရွှင်ကျေနပ်ရင်လဲ တမ်းတနေပါတယ်
ကိုယ်တော် .....။

၂၀၁။ ပြဿနာအခက်အခဲနှင့် ကင်းဝေးခြင်းက
ဝမ်းမြောက် လွတ်မြောက်စေတာမဟုတ်ဘူး....
ဘုရားမျက်မှောက်တော်မှာရှိနေခြင်းကသာ
လွတ်မြောက် ဝမ်းမြောက်စေတာ.....။

၂၀၂။ ဘုရားသတ်မှတ်တဲ့ သန့်ရှင်းခြင်း
လူတွေသတ်မှတ်တဲ့ သန့်ရှင်းခြင်း
ကွာတယ် .. မတူဘူး ... တခြားစီ ...မိုးနှင့်မြေ....
လူ့သန့်ရှင်းခြင်းက လုပ်နေတာ
လုပ်နေတာ ...လူအားဖြင့်....
ဘုရားသန့်ရှင်းခြင်းက ဖြစ်နေတာ ဖြစ်နေတာ ... ဝိညာဉ်တော်အားဖြင့်...။

၂၀၃။ ဘဝမှာ.....
တကယ့်ပြဿနာက
ပြဿနာမဟုတ်ဘူး
ယေရှုမရှိတာက
တကယ့် အဓိကပြဿနာ.....။

၂၀၄။ သူတစ်ပါး ကိုယ့်ကိုနားလည်လာဖို့အထိစောင့်ရင်
ကြာတယ်
ကိုယ်ကနားလည်ပေးလိုက်
ချက်ချင်းလွတ်မြောက်လေရော.....။

၂၀၅။ မြေကြီးခန္ဓာ တနေ့သေရမယ်
ရဲရဲတင်းတင်းသေရဲဖို့ ရဲရဲတင်းတင်းအသေခံ
ရှင်ပြန်ထမြောက်တဲ့ ခရစ်တော်ရှိထားမှ
သေခြင်းရဲ့ဟိုဘက်ကမ်း ထာဝရကာလကို
လားရမှာ .....။

၂၀၆။ ဘုရားသားသမီးက
ကောင်းချီး(ကြီး) နောက်မလိုက်ရပါဘူး
ကောင်းချီး (ကြီး) ကသာ ဘုရားသားသမီးနောက်လိုက်ရတာပါ
ကောင်းကြီးရှင်၏သားသမီးဖြစ်နေတာကိုနော်.....။

၂၀၇။ ကျမ်းစာက
သင်လို့ရတယ် တတ်လို့ရတယ်....
နှုတ်ကပတ်တော်က
သင်လို့မရ တတ်လို့လဲမရ 'ဝိညာဉ်တော်ဖွင့်ပြမှ' သာ ...။

၂၀၈။ ကျေးဇူးတော်ထဲမှာ
ကျေးဇူးတော်ကြောင့်
ကျေးဇူးတော်နှင့်အတူ
ကျေးဇူးတော်ခံစားရတာ
ကျေးဇူးတော်သက်သက်နော် .....။

၂၀၉။ သင်လို့တတ်ရတဲ့ပညာက
လူကို ဘဝင်မြင့်စေတတ်တယ်....
သင်လဲမတတ်/မရ ဝိညာဉ်တော်ဖွင့်ပြမှရတဲ့
နှုတ်ကပတ်တော်က လူကိုနှိမ့်ချ သိမ်မွေ့စေတယ်....။

၂၁၀။ ဘုရားမျက်မှောက်တော်မှာ
မကျန်းမာတာ ... အစဉ်မပြေတာ ...စိတ်မကြည်လင်တာ.....
အားလုံး...အားလုံး...
မနေနိုင်တော့ဘူး....။

၂၁၁။ အခြေအနေပေါ်တည်တဲ့ အချစ် က
လူတွေရဲ့ အချစ် '
ဘယ်အခြေအနေပေါ်မှာမှမတည်တဲ့အချစ် က
ဘုရားသခင့် Agapeအချစ် ' .....။

၂၁၂။ ကိုယ်လုပ်ချင်တာဆုံးဖြတ်ပြီးမှ
ဘုရားကောင်းကြီးပေးဖို့ဆုတောင်းတာ
ဘယ်တော့မှ အဖြေရမှာဟုတ်ဘူးမိတ်ဆွေ .....။

၂၁၃။ မိမိက
သမ္မာတရားအပေါ်မှာ
ပြတ်ပြတ်သားသားရပ်တည်လာတဲ့အခါ
သမ္မာတရားဖြစ်တဲ့ ခရစ်တော်က
မိမိဘက်မှာ တချိန်လုံးပြတ်သားစွာရပ်တည်နေကြောင်း
ပွင့်လင်းမြင်သာစွာ ခံစားလာရပါတယ်.....။

၂၁၄။ အသက်တာကို ပြုပြင်ပေးနေတာ
ဘာသာတရား......
အသက်တာကို ပြောင်းလဲပေးနေတာ
ကျေးဇူးတရား .....။

၂၁၅။ ဘုရားသခင်မလုပ်တတ်တာ
တစ်ခုဘဲရှိတယ်.....
အဲဒါ
သူ့ကတိတော်ကို သူမဖျက်တတ်တော့ဘူး
အဲဒီတစ်ခုလေးဘဲ .....။

၂၁၆။ ယေရှုဆိုတာ
သိသွားဖို့မဟုတ်ဘူး ရှိသွားဖို့
ခါနန်ဆိုတာ မြင်သွားဖို့မဟုတ်ဘူး ဝင်စားဖို့.....။

၂၁၇။ ဘုရားသားသမီးများအတွက်.....
ရင်ဆိုင်နေတဲ့ ဒုက္ခပြဿနာဆိုတာ
နောင်တချိန်မှာ ခံစားရမည့်
ကောင်းကြီးမင်္ဂလာတွေပါ .....။

၂၁၈။ ဇာတိလူက ဝိညာဉ်လူကို
မိမိနင့်နိုင်း မိမိလိုဖြစ်မယ်အထင်နဲ့
အမြင်တွေတိမ်း ထင်ယောင်ထင်မှားနဲ့
ဝိညာဉ်လူက သိတောင်မသိ .... အေးအေးဆေးဆေး......။

၂၁၉။ ချီဆောင်ခြင်းမှာ
သူပါမယ် ... သူမပါဘူး ထက်
ကိုယ်ပါမယ် .... ကိုယ်မပါဘူးကိစ္စ အရင်ရှင်းရအောင်
နီးပြီနော်....။

၂၂၀။ မရေရာမသေချာတဲ့ မနက်ဖြန်ပေါင်းများစွာမှာ
တိကျသေချာတဲ့ ယေရှုစောင့်ကြို/ရှိနေတယ်
သူငယ်ချင်းရေ......။

၂၂၁။ သမီး .....
ချိုးကျိုးတဲ့အသံတွေကြားမှာ အားအင်တွေရှိသလို.....
ဝေဖန်သံတွေထဲမှာလဲ အမှန်တရားတွေ ရှိနေတတ်ပါတယ်....
ယူတတ်ရင် ... မိမိအဖို့ပါ......သမီး......။

၂၂၂။ သူတစ်ပါးအလိုအတိုင်း လိုက်လျှောက်သူက
" ဇာတိ " လူ..
သခင်ဘုရား အလိုအတိုင်းလိုက်လျှောက်သူက
" ဝိညာဉ်လူ ".....

၂၂၃။ လူ့ရှေ့မှာဆုတောင်းရင်
လူပေးတဲ့အဖြေရမယ် .....
ဘုရားရှေ့မှာဆုတောင်းရင်
ဘုရားပေးတဲ့အဖြေရမယ် .....။

၂၂၄။ လူဟောင်းက " အာဒံ "
လူသစ်က " ယေရှု "
မတူဘူး ... လုံးဝကိုမတူဘူး
totally ကိုကွဲပြားတာ......။

၂၂၅။ လက်ဂါးကားတိုင်ကိုကျော်ပြီး
လုပ်ဆောင်ခဲ့သမျှဟာ
ဇာတိတွေပါဘဲ .....။

၂၂၆။ သင် အဆင်ပြေနေမှစိတ်ဝင်စားတာက " လူ "
သင် အဆင်ပြေပြေမပြေပြေ စိတ်ဝင်စားနေသူက " ဘုရား "

၂၂၇။ သားသမီးကို
လမ်းခုလတ်မှာ ထားခဲ့တဲ့ဖခင်မျိုးထဲမှာ
ထာဝရဘုရားမပါဘူး....။

၂၂၈။ ဆုတောင်းခြင်းဟာ
ကိုးကွယ်ခြင်းပါ
မိမိလိုချင်တာတွေတောင်းတဲ့ ဆုတောင်းမဟုတ်ရင်ပေါ့ ....။

၂၂၉။ ကျနော့်မှာ
သူများအကြောင်း ပြောဖို့
သူများအကြောင်း နားထောင်ဖို့
ကျနော့်အကြောင်းပြောဖို့
ကျနော့်အကြောင်းကြွားဝါဖို့
အချိန် ရှိကို မရှိတာ..
ယေရှုကောင်းမြတ်ခြင်းတွေပြောဖို့
ယေရှုတန်ခိုးတော်တွေ ဝါကြွားဖို့
ကျနော့်အတွက်
အချိန်တွေ လောက်ကိုမလောက်တာ....။

၂၃၀။ မိမိကို
လူတွေ ဘယ်လိုမြင်သလဲထက်
ဘုရား ဘယ်လိုမြင်မလဲ အပေါ်
ရပ်တည်သက်ရှင်သူက " ဘုရားလူ " ....။

၂၃၁။ သခင်ယေရှု အသက်ပေးကယ်တင်တာ
သင့်လုပ်ဆောင်ချက်တွေ လိုချင်လို့မဟုတ်ဘူး
သင့်ကိုလိုချင်လို့ ... သင့်ကို ......။

၂၃၂။ လူကိုဗဟိုပြု သွန်သင်သမျှသည်
မှန်ကန်သောသွန်သင်ချက်ဖြစ်ပြီး...
ယေရှုကိုဗဟိုပြု သွန်သင်သမျှသည်
သမ္မာတရားသွန်သင်ချက်ဖြစ်သည် ......။

၂၃၃။ လူက လုပ်ပေးနိုင်တာ
ယာယီတာခဏ အဆင်ပြေဖို့ပါ....
ယေရှုက လုပ်ပေးနေတာ
အစဉ်ထာဝရ အဆင်ပြေဖို့ပါ ......။

၂၃၄။ အာဟာပ်မင်းက
ဧလိယကို အသေသတ်ဖို့စီစဉ်နေတယ်...
ဘုရားသခင်က
ဧလိယကို အရှင်လတ်လတ်ကောင်းကင်ခေါ်သွားဖို့
စီစဉ်နေတယ်......
လူနဲ့ဘုရား အရှေ့အနောက်ပါ ကွာချက်က ....။

၂၃၅။ ကျနော်
လုပ်တတ် လုပ်နိုင် လုပ်စွမ်းတယ်ထင်တဲ့အရာတွေ
မလုပ်တတ် မလုပ်နိုင် မလုပ်စွမ်းတဲ့အရာတွေ
အားလုံး... ကိုယ်တော်လုပ်ပေးသွားတာ
ကျနော်က မြေကြီးတုံး.....။

၂၃၆။ သမ္မာတရားဆိုတာ
ယေရှုဘုရားကိုယ်တော်တိုင်နော
ဒါကြောင့်
ယေရှုကိုရရင် သမ္မာတရားကိုရသွားတာ.......။

၂၃၇။ လူတွေကို
ပညာမပြပါနင့်
ယေရှုပြ (ပေး) ပါ.....။

၂၃၈။ " ကိုယ်နှင့်စပ်ဆိုင်သောသူကို
ကိုယ်နှင့်အမျှချစ်ဖို့ " ဘဲ ဖတ်ဘူးပါတယ်
ကိုယ်နှင့်စပ်ဆိုင်သောသူတွေကို ခွဲခြားဆက်ဆံဖို့
မတွေ့မိပါဘူး သမ္မာကျမ်းစာထဲမှာ ......။

၂၃၉။ ယောရှု နှင့် ကာလက်ကလွှဲရင်
လူမျိုးတော်တွေ
အဲဂုတ္တုကအမဲသားဟင်း
တမ်းတသူအားလုံး
ခါနန်ကိုအဝေးကဘဲလှမ်းမြင်ခွင့်ရှိတယ်.....
ချစ်သူ
အဲဂုတ္တုအမဲသားဟင်း (အတိတ်အဖြစ်တွေ)
တမ်းတမနေနင့်တော့
ခါနန်ဝင်စားချင်ရင် .....။

၂၄၀။ ဆရာကြီး ယုဒသန်က
" ခရစ်တော်အတွက်သာ မဟုတ်ခဲ့လျှင် " လို့
ပြောခဲ့တယ်.......
ခရစ်တော်က
" မင်းအတွက်သာ မဟုတ်ခဲ့လျှင် " လို့
သင်နှင့် ကျွန်ုပ်ကို
ပြောနေတယ်.....။

၂၄၁။ ကားတိုင်ထက်မှာ ပါသွားတာ
ကျွန်ုပ်ရဲ့
ရှက်ကြောက်ခြင်း ....ဆင်းရဲခြင်း ... ကျရှုံးခြင်း...မကျန်းမာခြင်း...
နာကျင်ခြင်း.... မအောင်မြင်ခြင်း...

၂၄၂။ ကယ်တင်ခြင်းဆိုတာ လေ လိုဘဲ
လူတိုင်းကို အခမဲ့ ဘုရားက ပေးထားတာ
ကျေးဇူးပြုထားတာ
လူတိုင်းရှူရှိုက် ရယူနေကြရပါတယ်
ဒါပေမဲ့ ယေရှုပေးဆပ်ခဲ့တယ်လို့ လက်ခံယုံကြည်တဲ့ သူက
ကောင်းရာသို့ ရောက်ပြီး
မသိ မယုံကြည် လက်မခံသူကတော့
ငရဲလားရတာပါဘဲ
အဲ့ကြောင့် ကယ်တင်ခြင်းရရှိတယ်ဆိုတာ
ကျေးဇူးတော်ကို
ယုံကြည်လက်ခံ ရရှိပိုင်ဆိုင်သွားခြင်းဘဲ ဖြစ်တယ်.....။

၂၄၃။ ဘုရားနဲ့အတူသွားလာတဲ့အခါ
ယောသပ် ပညတ်တော် ၁၀ပါး မရှိခင်ကထဲက
သူ့မယားကို မပြစ်မှားဘူး
တကယ်တော့
လူကိုထိန်းချုပ်တာ
ပညတ်တော် မဟုတ်ဘူး
ဘုရား.....။

၂၄၄။ လေကို
အားရပါးရရှူရှိုက်လိုက်ပါ
ပြီးရင်
လေ ကို အခမဲ့ပေးသောထာဝရဘုရားကို
ကျေးဇူးတင်ဖြစ်အောင် တင်လိုက်ပါ......
လေ ဆိုတာ
မိမိကဖန်ဆင်းလို့မရတဲ့
မိမိတယောက်ထဲပိုင်ဆိုင်လို့မရတဲ့
မိမိ ဝယ်ယူလို့မရတဲ့
ထာဝရဘုရားရဲ့ လက်ဆောင်သက်သက်ပါ…။

၂၄၅။ ဘုရားပေးထားတဲ့
အသိ အတတ် ပညာလေးမတောက်တခေါက်လေးတွေကို
အားကိုးတကြီးနှင့် ....
ဘုရားအမှုတော်မြတ်မှာ
တထောင့်တပုဒ်ကနေ
ပါဝင်လာကြတဲ့အခါ........
ဘုရားသခင်က မိမိကို

(မင်း..ငါမပါဘဲ ငါ့အမှုတော်မှာ ပါဝင်ကြည့် ကြည့်အုံးပေါ့)လို့
ပြောနေသယောင်မခံစားရရင်....
မိမိမှာအကြီးအကျယ်
တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာ
သိမှတ်ကြစို့.....။

၂၄၆။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့
အလုပ်လုပ်ဆောင်ချက်တိုင်းကို
ကျမ်းစာအုပ်ထဲ ရေးသွင်းမထားပါ....။

၂၄၇။ Billy Graham ဘုရားအသုံးပြုခြင်းအားဖြင့်
လူပေါင်းထောင်ချီ အသက်တာပြောင်းလဲသည်ဟု
ဘယ်ကျမ်းချက်ထဲမှာမှရေးမထားပါ
သို့သော်ပြောင်းလဲပါသည် .....။

၂၄၈။ ကျမ်းစာအုပ်ထဲ
ရေးမှတ်သလောက်ဘဲ
ဝိညာဉ်တော်ဘုရား
အလုပ်မလုပ်ပါ
ကြီးမားကျယ်ပြန့်စွာ
မှတ်တမ်းမတင်နိုင်လောက်အောင်
အလုပ်လုပ်ခဲ့
လုပ်ဆဲ
လုပ်နေအုံးမည့်
သန့်ရှင်းသောဝိညာဉ်တော်ဘုရားပါ ....။

၂၄၉။ ဘာမှမရှိ
ဘာမှမဟုတ်နေရင်တောင်
ဘုရားနှုတ်ကပတ်တော်ကိုင်ပြီး
ထိုနှုတ်ကပတ်တော်အတိုင်းလိုက်လျှောက်ပါ
နှုတ်ကပတ်တော်မပါ
ရှိနေဟုတ်နေတဲ့သူတွေထက်
တနေ့ပိုကောင်းစားမယ်
ဝိညာဉ်အရာ/ လောကအရာ
စမ်းကြည့်ကြည့် ......။

၂၅၀။ မရေရာမသေချာတဲ့
မနက်ဖြန်ပေါင်းများစွာ
အော်
ထာဝရကာလတိုင်အတွက်
တိကျသေချာတဲ့
ယေရှု
အတူတူ ရှိနေပါတယ်
သူငယ်ချင်းရာ ....။

၂၅၁။ ဘုရားက
လူ မမှားဘူး
လိပ်စာ မမှားဘူး
ကျနော့်ကိုသိတယ်
ကျနော့်လိပ်စာကိုသိတယ်.......။

၂၅၂။ သခင်ဘုရား
သန့်ရှင်းစေလို့
မိမိကိုယ်တိုင်
ကြိုးစားမသန့်ရှင်းနိုင်တဲ့
အညစ်အကြေးတွေ
သန့်စင်သွားတာပါ......။

၂၅၃။ ခရစ်ယာန် (ဘာသာမဟုတ်) အသက်တာ...
ခရစ်ယာန်အသက်တာဆိုတာ......
ဟိုလို လုပ်ခြင်း
ဒီလို ပုံသက်သေပြခြင်း
ဟိုလို အသက်ရှင်ခြင်း
ဒီလို လိုက်လျှောက်ခြင်း တွေလို့
အနုစိတ် ဇာချဲ့နေရင်ရှုပ်တယ်
အဲလိုလုပ်နေခြင်းကိုက
မိမိဇာတိ ......
ကိုယ်တော်ကိုယ်တိုင်
ကျွန်တော့်အတွင်းထဲက
ကိုယ့်တော့်စိတ်တော်ရှိသည့်အတိုင်း
လုပ်ဆောင်ရှင်သန်ပေးသွားပါလို့...
ဒူးထောက်အညံ့ခံ
လက်မြှောက်အရှုံးပေး
မိမိသေဆုံး
ကိုယ်တော်သက်ရှင်ခြင်းကို ဆိုပါတယ်........

အော်.....
Credit အားလုံး
ကိုယ်တော်ရနေပါမှ နော် ......
မိမိက
လုပ်နေရမှာမဟုတ်
ကိုယ်တော်လုပ်သည့်အတိုင်း
မိမိက
ဖြစ်နေခြင်းအသက်တာ
ခရစ်ယာန်အသက်တာ ....။

၂၅၄။ ဘုရားကတိတော်က
ဘုရားကတိတော်ဘဲ
ဘယ်လောက်ခိုင်မာတည်တံ့သလဲမမေးနှင့်
စကြာဝဠာ တစ်ခုလုံးပျက်သုန်းရင်တောင်
မပျက်ဘူး........။

၂၅၅။ ဘုရားသားသမီးက
Baptist ဘာဖြစ်တယ်
AG ဘာဖြစ်တယ်
Methodist ဘာဖြစ်တယ်
RC, SDA , ...
ဘာညာဖြစ်တယ်ပြောပြောနေတာထက်
ကောင်းမြတ်ကယ်တင်တဲ့ ယေရှုခရစ်တော်
အကြောင်းဘဲပြောကြရအောင်လား ဗျာ.....။

၂၅၆။ သခင်ယေရှုဘုရားရဲ့
ကိုယ်စားအသေခံ
အပြစ်လွတ်ကယ်တင်
မျက်နှာသာပေးခြင်းခံရတာဟာ
ထိုက်တန်လို့မဟုတ်ဘူး ...
ကရုဏာတော်ကြောင့် ခံစားရတဲ့
ကျေးဇူးတော်သက်သက်ပါ.......။

၂၅၇။ တကယ်တော့
မိမိနှင့်ထိုက်တန်တဲ့အရာခံစားရကြေးဆိုရင်
" အပြစ်၏အခ သေခြင်း " ပါဘဲလေ....

၂၅၈။ ဘုရားက
ကိုယ်တွေ အဆင့်သင့်ဖြစ်တဲ့အထိ
စောင့်နေချင်မှ စောင့်နေမှာ
အဆင်သင့်သင့်မသင့်သင့်
ချီဆောင်ခြင်းရောက်ရင်
ချီဆောင်ခြင်းက ချီဆောင်ခြင်းဘဲ.....။

၂၅၉။ ဘုရားဆီက လာတဲ့ ဝိညာဉ်
ဘုရားဆီပြန်မသွားရင်
ဘုရားအရမ်းဝမ်းနည်း
အရမ်းခံစားမှာပေါ့ .....။

၂၆၀။ ဆုတောင်းချက်တိုင်းကို
ဘုရားအဖြေပေးပါတယ်

ဒါပေမဲ့
မိမိတောင်းလျှောက်လိုချင်တဲ့အဖြေ
ဖြစ်ချင်မှဖြစ်မယ်
တစ်ခုတော့ရှိတယ်
သေချာတာကတော့
မိမိအတွက်အလိုအပ်ဆုံး
အသင့်တော်ဆုံးအဖြေတော့
ဖြစ်မယ်......။

၂၆၁။ အပြင်သန့်ရှင်းခြင်း
အထဲ (အတွင်း)သန့်ရှင်းခြင်းအတွက်လဲဘဲ
ဝိညာဉ်တော်ဘုရားဘဲတတ်နိုင်ပါတယ်....။

၂၆၂။ မိမိက
မတတ်နိုင်လို့
မသန့်ရှင်းနိုင်လွန်းလို့
ကျေးဇူးတော်ယေရှုဘုရားကို
အဖဘုရားကျေးဇူးပြုခဲ့တာ..။

၂၆၃။ ကိုးစားပြီလား
ကြိုးစားနေဆဲလား
စိတ်နလုံးကိုချိန်တော်မူတဲ့ဘုရားက
မိမိနလုံးသားကိုကြည့်နေပါတယ်
လုံးဝဉဿုံ Surrender တဲ့နလုံးသားလားဆိုတာ
ဘုရားသိနေပါတယ် ....။

၂၆၄။ ကယ်တင်ခြင်းစိတ်မချမချင်း
သားတော်ယေရှုကိုမရမချင်း
ဝိညာဉ်အရာ
ဘာတစ်ခုမှ စတင်လို့မရပါဘူး
ခရီးဆက်လို့မရပါဘူး.....။

၂၆၅။ ဘယ်လိုမှ နိုးထလို့မရပါဘူး
ဘယ်လိုမှ ဝိညာဉ်အစာစားလို့မရပါဘူး
ဘယ်လိုမှသတင်းကောင်း ပြောလို့မရပါဘူး...
သားတော်ကိုမရဘဲ
လုပ်ဆောင်နေသမျှအရာတစ်ခုစီတိုင်းက
ဇာတိဘဲ ဆိုတာ
သိကိုသိကြမှဖြစ်တော့မယ်........။

၂၆၆။ အချိန်တွေက
လင့်လာပြီ
ချီဆောင်ခြင်းရဲ့ အချိန်အခါ
တိတိပပ မသိရပေမဲ့
အငွေ့အသက်
ရရနေတာ ကြာပြီ ......။

၂၆၇။ မိမိနှင့်ထာဝရအဖကြား
သားအဖ ဆက်ဆံသမှုပြုခြင်းမှာ
ကြားခံ မည်သူ တစ်ဦးတစ်ယောက်မျှ
မလိုတော့အောင်
သားတော်သခင်ယေရှု
အသက်ပေး ဆောင်ကျဉ်းပေးခဲ့ပြီးတဲ့နောက် ...

ဟို ပရောဖက် ဒီ ပရောဖက်
ဟို ယာဖ်ပရောဟိတ် ဒီ ယာဖ်ပရောဟိတ်
လိုနေသေးတော့လို့လား ?
မိမိ ကိုယ်တိုင်
ထို နေရာမှာ
ထို အမှုဆောင်ရွက်နေတာ
လိုအပ်နေတာတစ်ခုလေးဘဲ
သန့်ရှင်းဝိညာဉ်တော်
ဥပဇ္ဈာယ်ဆရာ
အတူတူရှိနေပေးခြင်းဘဲ ....။

၂၆၈။ သခင်ယေရှုခရစ်က
မင်းသားမဟုတ်ဘူး
ကယ်တင်ရှင် ......။

၂၆၉။ လောကမှာ.....
စားလို့လဲမရ
ခိုင်းစားလို့လဲမရ
ရောင်းစားလို့လဲမရ
ဘာမှ လုပ်စားလို့မရအောင်
သုံးစားလို့မရဘဲလျှက်
ဝင့်ဝင့်ထည်ထည်
မျက်နှာပြောင်တိုက်
နေရာတိုင်းမြင်မြင်နေရတာက
" ငါ " ဆိုတဲ့
Big Boss (ဘော့စ်စ်) ကြီးဘဲ ......။

၂၇၀။ ခရစ်တော်က
သမိုင်းထဲမှာ မနေခဲ့ဘူး
သင့်အထဲမှာ သင်နဲ့အတူ နေနေတာ
ယုံကြည်သူရေ ....။
သန့်ရှင်းဝိညာဉ်တော်က
မိမိကိုးစားသည့်အလျောက်
လုပ်ဆောင်ပေးနေပါတယ်.....။

၂၇၁။ သမ္မာတရားဟာ ... သမ္မာတရားပါ..
မိမိဩဝါဒ
မိမိဂိုဏ်းဂနဩဝါဒတွေနဲ့
ရောထွေးတင်ပြလို့မရပါဘူး
ဆီကဆီ
ရေကရေပါ
တစ်ခြားစီ ....။

၂၇၂။ လူကလူကို
ပေးချင်သလောက်ပေး/ ပေးလို့ရသလောက် ပေးမယ်ဆိုရင်
အဆုံးစွန်က
ရှိသလောက်ဘဲပေးလို့ရတာ.....
ဘုရားကလူကို
ပေးချင်သလောက်အပြင်
ရှိသမျှကိုပေးခဲ့တာ
စကြာဝဠာ တစ်ခုလုံး
ပြီးတော့
သူ့အသက်...

ပြီးတော့

ထာဝရအဆုံးမဲ့ အသက် ......

ထပ်ထပ်လိုချင်စရာ

ကျန်တော့လို့လား ?..။

၂၇၃။ ယေရှုခရစ်တော်ရဲ့

သတိုးသမီးဖြစ်ဖို့ဆို....

အခြားအရာတွေအပေါ် စိတ်မယိမ်း

ယေရှုကို အချိန်တိုင်းမှာ

ကြွေနေသူ

Crush နေသူ

Chat နေသူဘဲဖြစ်ရပါမယ်......။

၂၇၄။ ကျနော့် ဖြောင့်မတ်ခြင်းက

ကျနော့် ကိုယ်ကျင့်တရားမဟုတ်ဘူး

ခရစ်တော် ဘဲ .... ယေရှုခရစ်တော် ....။

၂၇၅။ စင်ပေါ်က

Praise & Worship လုပ်သူတွေကို

လူတွေကမြင်ကြပြီး....

Praise & Worship ပြုလုပ်သူတွေ၏နလုံးသားကို

ကိုယ်တော်ကမြင်ပါသည်......

သီချင်းသံကို

လူတွေကကြားပြီး ....

နလုံးသားအသံကို

ကိုယ်တော်ကြားတော်မူပါသည် ....။

၂၇၆။ ဝိညာဉ်အစာဆိုတာ
စေတနာဖလပွနှင့်
အတင်းကာရော
ကျွေးမွေးစားစေလို့လဲ မရဘူး .....။

၂၇၇။ ယောနကြီးလို
စေတနာမပါ တာဝန်ကျေရုံ
ပြေးလွှားပြောရင်လဲ
ကိုယ်တော်အလိုတော်ရှိလို့
ဘုန်းတော်အတွက်ဆိုရင်
တစ်မြို့လုံး မြင်းဇောင်းထဲပါမကျန်
ပြောင်းလဲတာပါဘဲ ....။

၂၇၈။ မိမိဆက်ကပ်ခြင်းက
အင်မတန်မှ ကောင်းမြတ်ပါတယ်
သို့သော်
ဘုရားအလိုတော်က
အဓိကပါ......။

၂၇၉။ ပေါလုတပည့်လဲ မဖြစ်နှင့်
အာပေါလုတပည့်လဲ မဖြစ်နှင့်
ယေရှုတပည့် တန်းဖြစ်ကြစို့ .....။

၂၈၀။ ရိုးသားချင်တဲ့ နလုံးသား ဘုရားကပေးတယ်
ပြီးရင်
ဝိညာဉ်တော်က " ရိုးသားပေးတယ် "...

ကြိုးစားလိုတဲ့ နလုံးသား ဘုရားပေးတယ်
ပြီးရင်
ဝိညာဉ်တော်က " ကြိုးစားပေးတယ် ".....
ကိုးစားတတ်တဲ့ နလုံးသား ဘုရားပေးတယ်
ပြီးရင်
ဝိညာဉ်တော်က " ကိုးစားပေးတယ် " ......

၂၈၁။ ဘုရားသားဖြစ်ရတာ
အေးချမ်းတယ်
တကူးတက လုပ်ယူရတာရယ်ကိုမရှိဘူး
ဖြစ်နေတာ
ဖြစ်နေတာ...........။

၂၈၂။ " မရှိခြင်း " ထဲမှာ
အကောင်းဆုံး " မရှိခြင်း " က
ဘုရားသခင်မတတ်နိုင်တာမရှိဘူးဆိုတာ
သံသယ " မရှိခြင်း " ဘဲ ......။

၂၈၃။ ကျနော် ငရဲအိုးထဲဆင်းဖို့
ပညတ်တရားက အခိုင်အမာအတည်ပြုနေတာကို
ကျေးဇူးတရားကကောင်းကင်အရောက်အခမဲ့
ပို့ပေးမယ်တဲ့ဗျား ....။

၂၈၄။ ယေရှုအကြောင်းသိတာကောင်းတယ်
သို့သော်
ယေရှုအကြောင်းသိပြီး ယေရှုမရှိရင်အလကားဘဲ ......။

၂၈၅။ မိမိထင်ပေါ်ခြင်းကိုရှောင်
ယေရှုထင်ရှားခြင်းကိုဆောင်တဲ့အသက်တာက
ယုံကြည်သူစစ်တို့ရဲ့အသက်တာ.....။

၂၈၆။ ခဏခဏချစ်ပြီး
ခဏခဏမေ့တဲ့ ပေတရုကိုလဲ
ယေရှုကချစ်တာပါဘဲ ....
အော်...
မေ့ဖို့ပြောတာမဟုတ်ဘူး
မေ့နေရင်တောင် ချစ်နေတယ်ဆိုတာ
အဲဒါ လာပြောတာ။..။

၂၈၇။ ဒေင်ဥယျာဉ်မှာ " ရှင် " နေတဲ့သစ်ပင်က
လူကိုသေစေတာ....
ကရာနီကုန်းထက်က " သေ "နေတဲ့သစ်ပင်က
လူကို ရှင်စေတာ .....။

၂၈၈။ ပြည့်တန်ဆာရာခပ်
ဘုရားအသုံးပြုတဲ့အခါ
သူရဲကောင်းတို့ရဲ့ကယ်တင်ရှင်
သူရဲကောင်းဖြစ်သွားတယ် ......။

၂၈၉။ မိမိကြိုးစားရရှိတဲ့ အောင်မြင်ခြင်းက
မိမိကိုထင်ရှားစေပြီး
မိမိကိုးစားရရှိတဲ့ အောင်မြင်ခြင်းက
ဘုရားဘုန်းထင်ရှားစေတယ် .....။

၂၉၀။ လူ့ရှေ့ပြောင်းလဲတာကောင်းပါတယ်
ဒါပေမဲ့
ဘုရားရှေ့မပြောင်းလဲရင်တော့
ဖါရိရှဲဘဲ.......။

၂၉၁။ မနေ့ ယနေ့ နောင်ကာလမပြောင်းလဲတဲ့ဘုရားကိုးကွယ်ပြီး
မနေ ယနေ့ မနက်ဖြန် ပြောင်းပြောင်းလဲနေရင်
မဟုတ်တော့ဘူး သူငယ်ချင်း ....။

၂၉၂။ လူတွေ ဘာပြောပြောပါ
ဘုရားက
လူတွေပြောသလိုမပြောပါဘူး ... စိတ်ချ ....။

၂၉၃။ ခရစ်တော်၌
ယုဒလူ ဟေလသလူ လူလွတ် ကျွန်မရှိ..
အင်း....
" ဆရာကြီး " မရှိ " ငါ " မရှိ "
အားလုံး အတူတူ ......။

၂၉၄။ ခါနန်ဝင်စားတာ မဝင်စားတာတပိုင်း
အဲဂုတ္တု ထားခဲ့မှုကိုဖြစ်မှာ
ဒါမှ လွတ်မြောက်မှာ ......။

၂၉၅။ ကတိတော်ပြည်ဝင်စားဖို့
မောရှေနှင့်သွားလို့မရတော့ဘူး
ယောရှုနှင့်သွားပါမှ....

ကောင်းကင်ရွှေပြည်ဝင်စားဖို့
ပညတ်နင့်သွားလို့မရတော့ဘူး
ယေရှုနင့်သွားပါမှ..........။

၂၉၆။ မောရှေနင့်အတူရှိခဲ့တဲ့ဘုရား
အာရုန်နင့်လည်းအတူရှိခဲ့သလို
ငါဟာ မောရှေလဘုရားလို့
သင့်ကိုလဲ ပြောခဲ့တယ်လေဟာ .....။

၂၉၇။ တော်တော်များများက
ဆုတောင်းခြင်းအားကြီးပြီး
ကိုးကွယ်ဖို့မေ့နေကြတယ်.....။

၂၉၈။ အမှုတောင့်မှ သီလစောင့်ရင်
ကြာတယ်
သီလစောင့်လိုက် အမှုတောင့်လာလိမ့်မယ် .... ။

၂၉၉။ စီးပွါးကျဆင်းရင်
ဝမ်းနည်းစရာ....
ကျန်းမာရေးဆုတ်ယုတ်ရင်
စိုးရိမ်စရာ...
ဝိညာဉ်ရေးဆုံးရှုံးရင်
ထာဝရကျေကွဲစရာ ......။

၃၀၀။ ဘုရားသားသမီးဆိုတာ.....
ဘုရားနှစ်သက်တာကို
ရဲရင့်စွာလုပ်ဆောင်ရဲရသလို.....
ဘုရားမနှစ်သက်တာတွေကိုလဲ
ရဲရင့်စွာ ရှောင်ရှားရဲရပါမယ် .....။

၃၀၁။ အလိုတော်နှင့်အညီ
ယုံကြည်ခြင်းဖြင့်ဆုတောင်းချက်များ
အဖြေမရဘဲ
အချည်းအနှီးဖြစ်သွားသည်ဟူသောမှတ်တမ်း
ခေတ်ကာလတလျှောက်လုံး မရှိခဲ့ဘူးပေ.....။

၃၀၂။ စာတန်က
ကိုယ်ကျင့်တရားကောင်းမွန်သူ
အမှုတော်မြတ်တွင်ကြိုးစားပါဝင်သူများထက်
နှုတ်ကပတ်တော်ရှိသောသူများကို
ပိုကြောက်ရွံ့ပါသည် ......။

၃၀၃။ ဘာသာရေး ...... စိတ်မဝင်စားဘူး
လူမျိုးရေး ......ကျမ်းစာထဲမပါဘူး
နိုင်ငံရေး .... No ..no ... no ...no ...
ကျေးဇူးတော်ကာလမှာ ကျေးဇူးတော်မှတပါး
အခြားမရှိ ......။.

၃၀၄။ ဘုရားက
မိမိလိုချင်တာပေးကောင်းပေးပါလိမ့်မယ်
ဒါပေမဲ့
လိုအပ်တာကိုတော့ ပေးကိုပေးတယ် .....။

၃၀၅။ ယေရှုအိပ်နေလို့သာ
မုန်တိုင်းက ထရဲတာပါ
ယေရှုလဲထရော
မုန်တိုင်းက ကြက်ပျောက်ငှက်ပျောက် .....။

၃၀၆။ ကျနော့်မကြည့်ပါနဲ့
ကျနော်က အပြစ်သား.....
သူတို့ကိုမကြည့်ပါနဲ့
သူတို့လဲအပြစ်သား .....
ယေရှုကို စိုက်စိုက်ကြည့်
သူက ကယ်တင်ရှင် ....။

၃၀၇။ အမှန်တရားက အမှန်တရားမဟုတ်ပေမဲ့
သမ္မာတရားကတော့ အမှန်တရားပါ.....။

၃၀၈။ ကျနော်မဖြောင့်မတ်ဘဲလျှက်
ဖြောင့်မတ်သူအဖြစ်သတ်မှတ်ခံစေတာ
တရား မဟုတ်ဘူး ... ဘုရား
ယေရှုဘုရား ....။

၃၀၉။ အသက်တာကိုပြောင်းလဲစေတာ
ရွှေမဟုတ်ဘူး ငွေမဟုတ်ဘူး
အချစ်မဟုတ်ဘူး အမုန်းမဟုတ်ဘူး
ရှင်ဘုရင်မဟုတ်ဘူး အစိုးရလဲမဟုတ်ဘူး
ယေရှုဘုရား .... သခင်ယေရှုဘုရား ......။

၃၁၀။ မိမိအကြံအစည်ထဲ ဘုရားပါဝင်ဖို့
ခေါ်ဖိတ်တာကောင်းပါတယ်....
တကယ်တော့
ဘုရားအကြံအစည်တော်ထဲ
အလိုတော်ဝန်ခံ ပါဝင်လိုက်တာအကောင်းဆုံး .....။

၃၁၁။ ယေရှုဘုရား
သေခြင်းကိုအောင်ပြီး
(၃) ရက်မြောက်မှာ ရှင်ပြန်ထမြောက်တာ
ကြိုးစားကျင့်ကြံနိုင်လို့မဟုတ်ဘူး
ဘုရားဖြစ်လို့......။

၃၁၂။ ကျမ်းစာ
သင်ကြားတတ်မြောက်သွားခြင်းဟာ
ပညာတတ်မြောက်သွားခြင်းဖြစ်ပြီး....
နှုတ်ကပတ်တော်
နာယူ ခံယူရရှိသွားခြင်းဟာ
အသက်ရရှိသွားခြင်းဖြစ်ပါသည်......။

၁၁၃။ ကျမ်းစာကို
သူတစ်ပါးအား ဆုံးမသွန်သင်ထောက်ပြဖို့လောက်
ဖတ်ဖြစ်တဲ့အခါ သာမန် " စာ " သာဖြစ်ပြီး.....
ကျမ်းစာကို
မိမိအသက်တာပြောင်းလဲတည်ဆောက်စေဖို့
ဖတ်ဖြစ်ဖတ်မိသွားတဲ့အခါ " နှုတ်ကပတ်တော် " ဖြစ်သွားတယ် ....။

၁၁၄။ ဝိညာဉ်မျက်စိနှင့်
ဇာတိမျက်စိက
ဘယ်လိုခြားနားသလဲဆို
မျက်စိစုံဖွင့်ပြီးကြည့်တာနဲ့
မျက်စိစုံမှိတ်ပြီးကြည့်သလိုမျိုး ......။

၁၁၅။ သံစဉ်တွေ
စာသားတွေ
အမူအယာတွေထဲမှာ
ယစ်မူးနေတာက " လူ " တွေပါ.....။

၁၁၆။ နာမ်ဝိညာဉ်ဘုရား
နာမ်ဝိညာဉ်ကိုသာ
သိမှတ်နေတာပါ သူငယ်ချင်းတို့ရေ.........။

၁၁၇။ ဒါဝိတ်မှာ
ငါ... သိုးကျောင်းသားပါလား ဆိုတဲ့
သိမ်ငယ်စိတ်မရှိခဲ့သလို....
ငါ.... ရှင်ဘုရင်ကွ ဆိုတဲ့

မောက်မာစိတ်လဲ မရှိခဲ့ဘူး ....
အဲ့ဒီစိတ်ထားက
ဘုရားစိတ်တော်တွေ့စေတာ ....။

၃၁၈။ ဒါဝိတ်က
ဘုရားမျက်မှောက်တော်တိုးဝင်တဲ့အခါ
သိုးကျောင်းသားဘဝကိုမယူဆောင်သွားသလို
ရှင်ဘုရင်ဘဝကိုလဲ ထားရစ်ခဲ့တယ်
ဒါကြောင့်
ဘုရားက စိတ်တော်တွေ့ (ဟာဒ်ထိ) ခဲ့တာ ....။

၃၁၉။ ဘုရားကျောင်းမှာမှ
ဘုရားမျက်မှောက်တော်ရောက်တာမဟုတ်ဘူး
ရန်သူ့ရှေ့မှာလဲမျက်မှောက်တော်ရောက်စေတဲ့ဘုရားက
စားပွဲတောင်ခင်းပေးတာ ......။
(ဆာလံ ၂၃ : ၅က)

၃၂၀။ မှားယွင်းခြင်းအမှုပြုတဲ့မိန်းမကို
ပညတ်တရားက " ခဲ နှင့်ပစ်စေတယ် "
ကျေးဇူးတရားက " လွှတ်စေတယ် ".......။

၃၂၁။ မိမိမှာမရှိရခြင်းဟာ
ဘုရားက မပေးလို့မဟုတ်ဘူး
မိမိက မယူလို့မရှိတာဖြစ်တတ်တယ်
ဘုရားက
လူတိုင်းကိုပေးပါတယ်
တန်းတူ ....။

၃၂၂။ ယေရှုအသွေးထဲမှာ
အပြစ် မြူတစ်မှုန်လေးတောင် မပါဘူး
ရောဂါ တစ်စက်ကလေးတောင် မပေဘူး
ဒါကြောင့် ယေရှုကိုယုံကြည်တဲ့သင့်ကို
အပြစ်ကင်းစေတာ
ရောဂါ ဝေးစေတာ......။

၃၂၃။ ဟိုဆရာက ဟိုလိုပြောလို့..... ဟိုလိုယုံလိုက်.....
ဒီဆရာက ဒီလိုပြောလို့ ....ဒီလိုယုံလိုက် နဲ့
အင်း.... ဘေးက ခေါင်းတောင်မူးနောက်နောက်...
နှုတ်ကပတ်တော်အတိုင်းဆို တည့်တည့်သာယုံလိုက်
ဟိုဒီယိမ်းစရာမရှိ သမ္မာတရားအတိုင်းလျှောက်......။

၃၂၄။ ဘုရားနှင့်အတူသွားလာတဲ့အခါ
ဆင်းရဲ နာကျင် ဒုက္ခတွေ
သတိရဖို့ကို မေ့သွားတာ.......။
လူက
မကောင်းတာတွေလုပ်ပြီး မှားတတ်သလို
ကောင်းတာတွေလုပ်ရင်းနှင့်လည်း မှားတတ်တာပါဘဲ
ယေရှုမပါတဲ့အသက်တာမှာ .....။

၃၂၅။ ပညတ်တရားမှာ
မေတ္တာတစ်စက်မှ မရှိဘူး.....
ကျေးဇူးတရားမှာ
မေတ္တာနှင့်အတိပြီးတယ် ......

၃၂၆။ ဘာသာရေးသမားများက
ကျမ်း (စာ) နှင့်အသက်ရှင်ပြီး....
ဝိညာဉ်ရေးသမားများက
နှုတ်ကပတ်တော် (ယေရှု) နှင့်အသက်ရှင်တယ် ....။

၃၂၇။ ကျနော့်ဘဝ
ကျနော့်အလိုကျမဖြစ်ရင် နေပါစေ
ဘုရားအလိုကျဖြစ်ရင် တော်ပြီ......။

၃၂၈။ ဘုရားအတွက်ဆို
မိမိကိုယ်ကိုမိမိ ဘာဘောင်မှမခတ်မိပါစေနှင့်....
အတိုင်းအတာတခုအထိဘဲ သည်းခံနိုင်တယ်ဆိုရင်
အတိုင်းအဆမဲ့သည်းညည်းခံသွားတဲ့ ယေရှုကို
အောက်မေ့ပါလေ ....။

၃၂၉။ နိမ့်ချခြင်းကို
နိမ့်ကျခြင်းလို့
ကျနော်တချိန်လုံးသတ်မှတ်မိခဲ့တာ
မှားတယ်ဗျာ .....။

၃၃၀။ သူတစ်ပါးကို
ဘုရားနှင့်အတူသွားလာဖို့သွန်သင်ရင်း
မိမိကိုမိမိသွန်သင်ဖို့
ကျနော် မေ့နေတယ် ......။

၃၃၁။ ကျနော်တို့ကိုးကွယ်တဲ့ဘုရားက
ပါရမီဖြည့်ဖက်မလို
ကမ္ဘာမတည်မရှိမှီကတည်းက
ရှိတည်ခဲ့တဲ့ ထာဝရဘုရားပါ ......။

၃၃၂။ သမ္မာတရားဆိုတာ
လက်ာမချောရင်သာ နေမယ်
မုသာကတော့
တစွန်းတစလေးတောင် မစွန်းထင်းဘူး .....။

၃၃၃။ ဟိုလူက ဒီလူ့ကိုအပြစ်စီရင်တယ်
ဒီလူကဟိုလူ့ကိုအပြစ်စီရင်တယ်ရယ်လို့
မိမိခံစားပြောဆိုခြင်းသည်ပင်လျှင်
ထိုသူတို့အပေါ်
မိမိအပြစ်စီရင်ပြီးဖြစ်နေတော့သည် ....။

၃၃၄။ ကျနော့်အရှိ အရှိအတိုင်း
ကျနော့်အဖြစ်အဖြစ်အတိုင်း
လူတွေသိလို့ အထင်သေးတာ အရေးမကြီးဘူး .....
ကျနော့်မရှိ အရှိလုပ်
ကျနော့်မဖြစ် အဖြစ်လုပ်
ဒါတွေဘုရားမြင်နေတာက အရေးကြီးတယ်....

၃၃၅။ လူတွေကို
ကိုယ်ကျင့်တရားကောင်းဖို့သွန်သင်တာ
ကောင်းတယ်

ထို့ထက်
ကောင်းမြတ်သောယေရှုဘုရားနှင့်
မိတ်ဆက်ပေးလိုက်တာအကောင်းဆုံး.....။
လူတွေကို
အတ္တကင်းဖို့ သွန်သင်တာကောင်းပါတယ်
ထို့ထက်
အတ္တကင်းတဲ့ယေရှုဘုရားနှင့်မိတ်ဆက်ပေးလိုက်တာ အကောင်းဆုံး.....
လူတွေကို
မေတ္တာတရားထားတတ်ဖို့သွန်သင်တာကောင်းတယ်
ထို့ထက်
မေတ္တာရှင်ယေရှုဘုရားနှင့်
တိုက်ရိုက်မိတ်ဆက်ပေးလိုက်တာအကောင်းဆုံး ......။

၃၃၆။ ကျနော်
ဦးနှောက်နှင့်ယေရှုကိုလိုက်ရှာတာ
ယေရှုအကြောင်းအလျှံပယ်ရခဲ့တယ်.....
ကျနော်
ကျိုးပဲ့ကျေမွတဲ့နှလုံးသားနှင့်ယေရှုကိုလိုက်ရှာတာ
ယေရှုကိုရတယ် သန့်ရှင်းသောဝိညာဉ်တော်ပါအဆစ် ....

၃၃၇။ ဘုရားထားတဲ့နေရာမှာ
ဘုရားခိုင်းတဲ့အလုပ်လုပ်တဲ့အခါ
သူတပါးနားလည်မပေးနိုင်တဲ့
Blessing တွေ အလျှံပယ် ပါ ....။

၃၃၈။ ပညတ်တရားက
ယေရှုဘုရားဆီကိုပို့ပေးတယ်...
ယေရှုဘုရားက
ကောင်းကင်ကိုပို့ပေးတယ် ....

၃၃၉။ လက်ဝါးကပ်တိုင်
ထမ်းတော့ထမ်းကြတယ်
ယေရှုခရစ်တော်လက်ဝါးကပ်တိုင်မဟုတ်ဘဲ
ဘေးကခါးပြနစ်ယောက်လက်ဝါးကပ်တိုင်လဲဖြစ်နေပါအုံးမယ်
သတိလက်မလွှတ်နှင့်.......။

၃၄၀။ မိမိအသက်တာမှာ
" ငါ ဘုန်း " မြင်သာနေသ၍
မိမိအားဖြင့်
" ဘုရား ဘုန်း " ထင်ရှားဖို့တော့
ဝေးနေအုံးမယ် ......။

၃၄၁။ ရှောလမွန်မင်းကြီး
တော်တယ် ချမ်းသာတယ် ပညာရှိတယ်
သူနှင့်တူတဲ့သူမရှိဘူးတဲ့ အဲလောက်ကြီးကျယ်သူ
အင်း::
ဘုရားနှင့်ဝေးတော့ သွားတာပါဘဲ
အနတ္တ မှ အနတ္တ .. လုံး၀ အနတ္တ ....။

၇၄၂။ ဘုရားက
ကြိုးစားပြီး ကောင်းအောင်နေပြသူထက်
မကောင်းနိုင်မှန်းသိပြီး
ဒူးထောက်ကျေုကွဲတဲ့ နှလုံးသားကို
ကြည့်နေတယ် .....။

၇၄၃။ ကျမ်းစာက
သင်ကြားပါမှ...
နှုတ်ကပတ်တော်က
ခံယူပါမှ ......။

၇၇။ ဘုရား

[illegible] [illegible]

[illegible]

[illegible]

[illegible] ....။

၇၈။ ကျွန်တော

[illegible]...

[illegible]

[illegible] ......။

အသင်းတော်အတွင်း ကန့်သတ်